http://www.dhammadownload.com

DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၃၁)

# ဖြစ်နိုင်တာ နှင့် မဖြစ်နိုင်တာ

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာစုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

http://www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ဖြစ်နိုင်တာ နှင့် မဖြစ်နိုင်တာ

http://www.dhammadownload.com

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၏ ခွင့်ပြုချက်
စာအမှတ် ၁၁၉/၀၁/(ပုံနှိပ်) သသန-၁၀ အရ
၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ-၁၀၀၀

ထုတ်ဝေသူ
သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ်(၀၃၈၄၃/၀၂၄၀၅) က ပုံနှိပ်ထုတ်ဝေသည်။

မျက်နှာဖုံးဒီဇိုင်း၊ အတွင်းဖလင်နှင့်ပုံနှိပ်
အောင်ဇမ္ဗူပုံနှိပ်တိုက်
အမှတ် ၁၅၂ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

http://www.dhammadownload.com

# မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၃ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခုနှစ်၊ နတ်တော်လပြည့်ကျော် (၉)ရက်နေ့ ရန်ကုန်တိုင်း၊ ကြို့ကုန်းအရှေ့ တရားပွဲဖြစ်မြောက်ရေး အကျိုးဆောင်အဖွဲ့၏ ဒုတိယအကြိမ်ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မပူဇာအခမ်းအနားဝယ် ကြို့ကုန်းအရှေ့၊ ၅-လမ်း(မြောက်) နှစ်ဖက်သော မိဘများအား အမှူးထား၍ " ဦးအောင်ခိုင်ဇော်+ ဒေါ်သင်းသင်းအောင်" မိသားစုတို့၏ အမတဒါန ဓမ္မဒါနအဖြစ် ဟောကြားအပ်သော "ဖြစ်နိုင်တာ နှင့် မဖြစ်နိုင်တာ" တရားဒေသနာတော်။

http://www.dhammadownload.com

http://www.dhammadownload.com

# ဖြစ်နိုင်တာ နှင့် မဖြစ်နိုင်တာ

"ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ" - ဘာတွေဟာ ဖြစ်နိုင်ပြီးတော့ ဘာတွေကမဖြစ်နိုင်တာလဲ။ ဗုဒ္ဓမြတ်စွာရဲ့ **တထာဂတဗလ** လို့ခေါ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်များသာရနိုင်တဲ့ အသိဉာဏ်စွမ်းပကားထဲမှာ '**ဌာနာဌာနဉာဏ်**' ဆိုတာရှိတယ်။ '**ဌာန**' ဆိုတာ ဖြစ်နိုင်စရာအကြောင်းရှိတယ်၊ '**အဋ္ဌာန**' ဆိုတာ ဖြစ်နိုင်စရာအကြောင်းမရှိဘူး၊ ဒီလို အဓိပ္ပါယ်ရှိတယ်။ အဲဒီ **ဌာန အဋ္ဌာန** ဆိုတဲ့ စကားကို ယူပြီးတော့ ဘုန်းကြီးတို့ ဒီကနေ့ည ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ ခွဲခြားပြီး ဗုဒ္ဓမြတ်စွာရဲ့ အကြောင်းဟုတ်တယ်, အကြောင်း

http://www.dhammadownload.com



မဟုတ်ဘူး ဆိုတာနဲ့ ပတ်သက်ပြီးတော့ ထူးထူးခြားခြား သိမြင်တော်မူတဲ့ ဉာဏ်ကြီးကို ပူဇော်တဲ့အနေနဲ့ ဟောကြားပါ့မယ်။

လောကမှာ လူတွေကလည်း ပြောကြတာပဲ၊ 'ဒါက ဖြစ်နိုင်တယ် ဒါက မဖြစ်နိုင်ဘူး' ။ သို့သော် လူတွေပြောတဲ့ 'ဖြစ်နိုင်တယ်' ဆိုတာက 'ဖြစ်ချင်မှ ဖြစ်တာ'၊ 'မဖြစ်နိုင်ဘူး' ဆိုတာကလည်း 'ဖြစ်ချင် ဖြစ်တယ်'။ မြတ်စွာဘုရား ဟောထားတဲ့ 'ဖြစ်နိုင်တယ်' ဆိုတာက 'တကယ်ကိုဖြစ်တယ်'၊ 'မဖြစ်နိုင်ဘူး' ဆိုတာ ကျတော့လည်း 'တကယ့်ကို မဖြစ်ဘူး' တဲ့၊ ဘာဖြစ်လို့ လဲ? မြတ်စွာဘုရားက အရင်းအမြစ်ကစပြီး မှန်ကန်တဲ့ အကြောင်းတရားတွေကို သိရှိထားတာမို့ ဖြစ်တယ်။ သာမန်ပုဂ္ဂိုလ်တွေကတော့ မိမိအထင်နဲ့ ပြောကြတာ ဖြစ်တယ်။

"ဖြစ်နိုင်တယ် - မဖြစ်နိုင်ဘူး" - ကမ္ဘာမှာလည်းပဲ ဒီစကားလုံးလေး ၂-လုံးကို လူတွေက အသုံးပြုကြတယ်၊ possible နဲ့ impossible, possible ဆိုတာ ဖြစ်နိုင်

http://www.dhammadownload.com



တာ၊ impossible ဆိုတာ မဖြစ်နိုင်တာ။ လောကမှာ လူတွေက အမျိုးမျိုးပြောကြတယ်၊ "ဒါတော့ မဖြစ်နိုင်ပါဘူးကွာ၊ ဒါတော့ ဖြစ်နိုင်တယ်ဟေ့"၊ ကိုယ့်အထင် အမြင်နဲ့ ဒီလို ပြောကြတာ။ ဗုဒ္ဓမြတ်စွာလို အတိအကျ ဉာဏ်တော်ကြီးနဲ့ ကိုယ်တိုင်သိမြင်ပြီး ပြောတာမျိုး မဟုတ်သည့်အတွက်ကြောင့် ရာခိုင်နှုန်းပြည့် မမှန်နိုင်ဘူးပေါ့။ ရာခိုင်နှုန်းပြည့် မှန်ကန်ဖို့ မဖြစ်နိုင်သည့် အတွက်ကြောင့် ဖြစ်နိုင်တယ်ဆိုတာကလည်း ဖြစ်ချင်မှ ဖြစ်မယ်၊ မဖြစ်နိုင်ဘူး ဆိုတာကလည်း ဖြစ်ချင်ဖြစ် သွားတာ ရှိတယ်ပေါ့။

ဗုဒ္ဓမြတ်စွာရဲ့ ဒေသနာတွေထဲမှာ ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာ ဒီနှစ်မျိုးကို ခွဲခြားပြီးတော့ ဟောထားတာ ရှိတယ်။ အချက်ပေါင်း ၂၈-ချက် ရှိတယ်။ ဒါကတော့ ဖြစ်နိုင်တယ်, ဒါကတော့ မဖြစ်နိုင်ဘူးနဲ့ တိတိကျကျ ဟောထားတာ။

ဒီတော့ ဘုန်းကြီးတို့တွေဟာ ဗုဒ္ဓမြတ်စွာ ဟောထားတဲ့ "ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာ"ကို ကွဲကွဲ

http://www.dhammadownload.com



ပြားပြား သိသွားနိုင်ကြတယ်ပေါ့။ အဲဒီလို သိလို့ရှိရင် ဘာလုပ်ရမလဲ?

**"မဖြစ်နိုင်တဲ့အရာကို မဖြစ်နိုင်ဘူးလို့ မှတ်သားပြီး ဖြစ်နိုင်တဲ့အရာကို ဖြစ်နိုင်တယ်လို့မှတ်သားပြီး လုပ်သင့်တဲ့ အလုပ်ကို လုပ်ဖို့ပဲ။"**

မှန်ကန်တဲ့အမြင် ရှိလာလို့ရှိရင် ထိုအမြင်မှန်ကို အခြေခံပြီးတော့ လုပ်တဲ့အလုပ်ဟာ မှားယွင်းမှုမရှိဘူး၊ မှန်ကန်တယ်၊ လောကီကိစ္စပဲဖြစ်ဖြစ်၊ လောကုတ္တရာကိစ္စပဲဖြစ်ဖြစ် မည်သည့်ကိစ္စမှာပဲဖြစ်ဖြစ် ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာကို ကွဲကွဲပြားပြားသိဖို့ လိုတယ်။ လုပ်နိုင်တာနဲ့ မလုပ်နိုင်တာ၊ လုပ်သင့်တာနဲ့ မလုပ်သင့်တာ၊ ဒါတွေကို ကွဲကွဲပြားပြားသိဖို့လိုတယ်။ ကွဲကွဲပြားပြား သိပြီး လုပ်သင့်တာဆိုရင် လုပ်ရမယ်, မလုပ်သင့်တာဆိုရင် မလုပ်ရဘူး။

အဲဒီလိုမဟုတ်ရင် ဘာဖြစ်လဲ။ လုပ်သင့်တာကျတော့ မလုပ်ဘူး, မလုပ်သင့်တာကျတော့ လုပ်မယ်ဆိုရင် အကျိုးဆုတ်ယုတ်မယ်။ ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်

http://www.dhammadownload.com



တာကို ခွဲခြားပြီးတော့ မသိဘူးဆိုရင် မဖြစ်နိုင်တာကို ဖြစ်နိုင်မယ် ထင်ပြီးတော့ ပြောနေမယ်၊ လုပ်နေမယ်။ ဖြစ်နိုင်တာကျတော့ မဖြစ်နိုင်ဘူးထင်ပြီးတော့ ဘေးဖယ်ထားမယ်ဆိုရင် လွဲမှားမှုတွေ အများကြီး ဖြစ်လာနိုင်တာပေါ့။

ဘဝမှာ လမ်းမှန်ရဖို့ဆိုတာ အသိဉာဏ်က အင်မတန်မှ အရေးကြီးတယ်။ အခုလို တရားပွဲကြီးတွေ ကျင်းပပြီးတော့ တရားနာကြတာဟာ ဘာအတွက်လဲလို့ မေးရင် အသိဉာဏ်အတွက်ပဲ။ တကယ် အရေးကြီးတာက အသိဉာဏ်ပဲ။ မြတ်စွာဘုရား ကိုယ်တိုင်က ဖြေထားတာရှိတယ်။ "သုဿုသာ လဘတေ ပညံ"- "ကြားနာချင်တဲ့စိတ်ရှိပြီဆိုရင် ပညာရပါတယ်" တဲ့။

တရားနာတာကို အခြေခံပြီးတော့ မသိတာတွေ သိလာတယ်၊ သိပြီးသားတွေ ရှင်းသွားတယ်။ တရားနာတာဟာ တရားကိုသင်ယူတာ ဖြစ်သည့်အတွက် တစ်နာရီနာရင် တစ်နာရီ သင်လိုက်တာပဲ။ အဲဒီ သင်လိုက်လို့ သိသွားတဲ့ အသိတရားတွေဟာ ပျောက်

http://www.dhammadownload.com



သွားမှာ မဟုတ်ဘူးတဲ့၊ အကြောင်းအရာ စကားလုံး တော့ မေ့ချင်မေ့သွားမယ်၊ သို့သော် အသိပညာဆိုတာ က ပျောက်မသွားဘူး။

ကြားဖူးနားဝရှိနေသည့်အတွက်ကြောင့် ပြန်လည် ဆင်ခြင်သုံးသပ်တဲ့အခါမှာ ထိုကြားဖူးတဲ့ အချက် အလက်တွေကို အခြေခံပြီးတော့ အမှားအမှန်တွေကို ဝေဖန်ခွဲခြမ်း သိစွမ်းနိုင်တဲ့ ပညာမျိုး သူ့သန္တာန်မှာ ရှိသွားတယ်။ ဒီလို နာယူမှု၊ သင်ကြားမှုမရှိဘဲနဲ့ အသိ ပညာ ရတယ်ဆိုတာ မဖြစ်နိုင်ဘူး။

## ပညာရရန် နည်းလမ်းသုံးသွယ်

ပညာရဖို့နဲ့ပတ်သက်ပြီးတော့ နည်းလမ်းသုံးသွယ် လို့ ပြောလို့ရတယ်။ အဲဒီနည်းလမ်းသုံးသွယ်ကိုပဲ ပညာ သုံးမျိုးလို့လည်း ပြောတယ်။ အားလုံး ကြားဖူးကြလိမ့် မယ်၊ **သုတမယပညာ** (သို့မဟုတ်) **သုတမယဉာဏ်**, **စိန္တာမယပညာ** (သို့မဟုတ်) **စိန္တာမယဉာဏ်**,

http://www.dhammadownload.com



**ဘာဝနာမယပညာ(သို့မဟုတ်)ဘာဝနာမယဉာဏ်၊** ဒါ ပညာနှင့် ပညာရဖို့ နည်းလမ်းသုံးသွယ်ပဲ။

## သုတမယပညာ

**သုတမယ**-ဆိုတာ ကြားနာခြင်းကြောင့် ဖြစ်ပေါ် လာတဲ့ ပညာကို **သုတမယပညာ**လို့ ခေါ်တယ်။ နားက ကြားနာလိုက်ရလို့, နားထောင်လိုက်ရလို့, သင်ယူလိုက်ရလို့ ရလိုက်တဲ့ ပညာမှန်သမျှ **သုတမယ**- ကြားနာခြင်းက ထုတ်လုပ်ပေးတဲ့ ပညာမျိုးတဲ့။

တရားပွဲကြီးတွေ ကျင်းပပြီးတော့ တရားနာကြတယ်။ ထိုတရားပွဲက ရလိုက်တဲ့ အသိပညာတွေဟာ **သုတမယပညာ**တွေပဲ၊ ဘယ်နေ့မှာ ဘယ်ဆရာတော်က ဘာဟောသွားတယ်၊ ကြားလိုက်ရတယ်၊ ဟောသွားတဲ့ အချက်အလက်တွေက မိမိတို့ ဘဝတစ်သက်တာ အတွက် မှတ်သားစရာတွေဖြစ်တယ်။ မိမိတို့ကိုယ်တိုင် အခွင့်မရလို့ မကြည့်နိုင်တဲ့ ဗုဒ္ဓမြတ်စွာ ဟောကြားခဲ့တဲ့ ပိဋကတ်သုံးသွယ်, နိကာယ်ငါးရပ်, ဓမ္မက္ခန္ဓာပေါင်း

http://www.dhammadownload.com



ရှစ်သောင်းလေးထောင် သင့်လျော်ရာရာ ဘုရားဟော ထားတဲ့ တရားထဲက ထုတ်နှုတ်ပြီးတော့ ဟောပြော ထားတာ ဖြစ်တယ်။

အဲဒီ ဟောပြောတဲ့အထဲက မိမိကကြားလိုက် ရလို့၊ သင်ယူလိုက်ရလို့ သိလိုက်ရတဲ့ ပညာရပ်ကို **သုတမယပညာ** လို့ ခေါ်တယ်။ ကြားနာခြင်းက ထုတ်လုပ်ပေးတဲ့ပညာ။ ဒါကြောင့် တရားနာခြင်းသည် ပညာရခြင်း၏ အကြောင်းတရားနံပါတ်(၁) နည်းလမ်း တစ်ခုပဲ။

နံပါတ်(၂)က **စိန္တာမယပညာ၊ စိန္တာမယ**ဆိုတာ ကြားနာမှုကို အခြေမခံဘဲ အတွေးအခေါ် သက်သက် ဖြင့် ဖြစ်ပေါ်လာသောပညာကို **စိန္တာမယပညာ** လို့ ခေါ်တယ်၊ ကြားနာမှုကို အခြေခံပြီးမှတွေးရင် **စိန္တာမယ** မခေါ်ဘူး။ သူများဆီက သင်ယူထားတဲ့ အချက်ပေါ်မှာ အခြေမခံဘဲနဲ့ ကြံစည်မှုသက်သက်ပေါ်မှာ အခြေခံပြီး ဖြစ်ပေါ်လာတဲ့ ပညာမျိုးကိုသာ **စိန္တာမယပညာ** လို့ ခေါ်တယ်။

http://www.dhammadownload.com



အဲဒီ **စိန္တာမယပညာ** က သာမန်ပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ မဖြစ်နိုင်ဘူး။ နောက်ဆုံး ဉာဏ်ပညာ အထက်ဆုံးပုဂ္ဂိုလ်ဖြစ်တဲ့ ရှင်သာရိပုတ္တရာမထေရ်မြတ်ရဲ့ သန္တာန်မှာတောင် **စိန္တာမယပညာ** မဖြစ်ဘူး။ ဘာဖြစ်လို့လဲ၊ ရှင်သာရိပုတ္တရာတောင် တရားနဲ့ ပတ်သက်လာရင် ကြားနာမှု, သင်ယူမှုဆိုတာကို အခြေခံရသေးတယ်။ ကိုယ်ပိုင်ဉာဏ်နဲ့ ထိုးထွင်းပြီး ကြံစည်နိုင်စွမ်း မရှိဘူး။ ရှင်သာရိပုတ္တရာလို ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်မှာတောင် မရနိုင်ဘူး။

ဒါဖြင့် **စိန္တာမယပညာ**ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးမှ ရသလဲလို့ မေးလို့ရှိရင် ဘုရားအလောင်းတို့, ပစ္စေကဗုဒ္ဓါအလောင်းတို့မှရတယ်။ ဘုရားအလောင်း, ပစ္စေကဗုဒ္ဓါအလောင်းတွေကျတော့ ဆရာမရှိဘူး၊ သူတို့ကိုယ်တိုင် တွေးတောဆင်ခြင်ပြီး အသိဉာဏ်တွေ ဖြစ်ပေါ်လာတာ။ ဘဝါဘဝက လေ့လာခဲ့တဲ့ စွမ်းအားတွေ ပြည့်လာသည့်အတွက် မှန်မှန်ကန်ကန် တွေးနိုင်

http://www.dhammadownload.com



တယ်၊ မှန်မှန်ကန်ကန် တွေးလိုက်တဲ့အတိုင်း မှန်မှန် ကန်ကန်သိမှုဆိုတာ ဖြစ်လာတယ်။

ပစ္စေကဗုဒ္ဓါဆိုတာ ဘယ်သူကမှ တရားဟော ရတာ မဟုတ်ဘူး။ သူကိုယ်တိုင် သဘာဝတရားတွေကို ဆင်ခြင်စဉ်းစားပြီး သူ့သန္တာန်မှာရှိတဲ့ ကိလေသာ တွေကို ဖယ်ရှားလို့ ဘုရားအဖြစ်ကို ရောက်သွားတာ။

ထို့အတူပဲ သမ္မာသမ္ဗုဒ္ဓ ဘုရားအလောင်းက လည်းပဲ ကိုယ်ပိုင်ဉာဏ်နဲ့ ရှာဖွေသိရှိတာ။ ဘုရား အလောင်းတော်ဟာ ၂၉-နှစ်မှာ တောထွက်လာခဲ့ တယ်။ အင်မတန် ငယ်သေးတယ်၊ သူတောထွက်လာ တဲ့အခါ ဆရာတွေဆီနည်းမခံဘူးလားဆိုတော့ ခံတယ်၊ အဲဒီနည်းယူတာ အကုန်လုံး သမထကျင့်စဉ်တွေချည်းပဲ၊ သူလိုချင်တာက **အမတ** - သေခြင်းကင်းရာနိဗ္ဗာန်ဆိုတဲ့ **အမတ** ဓာတ်ကို လိုချင်တယ်။ **သန္တိဝရပဒ**- တကယ့် အငြိမ်းဓာတ်ကြီးကို သူရှာတယ်။ သူ့ဟာသူ စဉ်းစား တယ်၊ သေခြင်းတရားရှိရင် မသေတဲ့ တရားလည်း ရှိရမှာပဲ၊ ဒုက္ခရှိရင် သုခဆိုတာလည်းရှိရမှာပဲ။ အပူ

http://www.dhammadownload.com



ရှိရင် အအေးဆိုတာရှိရမှာပဲ။ ဘာဖြစ်လို့တုန်းဆိုတော့ လောကမှာ ဆန့်ကျင်ဘက်တရားတွေက အစုံလိုက် နေကြတာပဲ။ တစ်ခုရှိရင် တစ်ခုရှိမှာပဲ။ အဲဒီလို ဆင်ခြင် စဉ်းစားပြီး အမှန်တရားကိုရှာတယ်။

အဲဒီလို ရှာတဲ့အခါမှာ ထိုခေတ်က ထင်ရှား ကျော်ကြားတဲ့ ဆရာကြီးတွေဆီသွားပြီး သင်ယူတယ်, လေ့လာတယ်။ သူတို့ဆီက သင်လိုက်လို့ရတဲ့ ပညာရပ် သည် သူလိုချင်တဲ့ "အမတ သန္တိဝရ" ဆိုတဲ့ အငြိမ်း ဓာတ်ကို ပေးနိုင်တဲ့ပညာ မဟုတ်ဘူး။ သမထ ကျင့်စဉ် သာဖြစ်တယ်။ ထိုးဖောက်ပြီးတော့ ဟိုဘက်ကိုမရောက် ဘူး။ သမထကျင့်စဉ်ကို ကျင့်လို့က ဗြဟ္မာ့ပြည်ပဲ လမ်းဆုံးတယ်။ ရှေ့ဆက်လို့မရဘူး၊ ဗြဟ္မာ့ပြည်ဆိုတာ ကမ္ဘာပေါင်း မြောက်မြားစွာ သက်တမ်းရှည်ကြာပြီး သက်တမ်းစေ့တဲ့ တစ်နေ့ သံသရာထဲ ပြန်လည်ဦး မှာပဲ။

ဘုရားအလောင်းက သံသရာကို အဆုံးသတ်ချင် တယ်။ သံသရာရဲ့အဆုံးကို တွေ့ချင်တယ်။ အဲဒီ

http://www.dhammadownload.com



နည်းလမ်းကို ဘယ်သူပေးနိုင်မလဲလို့ လိုက်ရှာတာ ဘယ်သူမှ မပေးနိုင်ဘူး။ ဆရာ့ဆရာကြီးတွေ နည်းပေးတဲ့အတိုင်း ဘုရားအလောင်းဟာ ၆-နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်လိုက်တာ ခန္ဓာကိုယ် ပိန်ချုံးပြီးတော့ အရိုးပေါ်အရေတင် မသေမရှင်ဘဝမျိုး ရောက်သွားတယ်။ လမ်းဆုံးအောင် သူလိုက်ကြည့်တယ်။ မြန်မာတွေကပြောတယ် မဟုတ်လား၊ "လမ်းဆုံးရင် ရွာတွေ့လိမ့်မယ်"လို့နော်။ လမ်းဆုံးပေမယ့် ရွာတွေ့ချင်မှ တွေ့တာ။ သူတို့ပြောတဲ့အတိုင်း လမ်းကို ဆုံးအောင် လိုက်တာလည်း မတွေ့ဘူး၊ မတွေ့တဲ့အခါ သူ့ဟာသူ စဉ်းစားတယ်။

**"သိယာ အညော မဂ္ဂေါ ဗောဓာယ- 'ဗောဓာယ'** ထူးခြားတဲ့ အသိဉာဏ်ကြီးအတွက်၊ **'အညော မဂ္ဂေါ'**- တခြားနည်းလမ်းသည်၊ **'သိယာ'**- ဖြစ်ကောင်းဖြစ်လိမ့်မယ်"။ သူတွေးပုံက "ငါလျှောက်လာတဲ့ လမ်းကတော့ ဆုံးနေပြီ၊ ဒီလမ်း မဟုတ်နိုင်ဘူး၊ တခြားလမ်း ပြောင်းလျှောက်ဦးမှပဲ၊ ဒီလမ်း မဟုတ်ရင် ဟိုလမ်းက သွားရ

http://www.dhammadownload.com



မှာပေ့ါ၊ တခြားလမ်း ဖြစ်လောက်တယ်" ဆိုတဲ့ အတွေး ဝင်လာတယ်။ ဝင်လာတဲ့အခါ ကိုယ်ပိုင်လမ်းကြောင်း တီထွင်ပြီး လျှောက်ကြည့်တယ်။

ကိုယ်ပိုင်လမ်းကြောင်းဆိုတာ ဘာလဲ? ငယ်စဉ် ဘဝတုန်းက မိမိရဲ့နှာခေါင်းမှာ ရှူသွင်းရှူထုတ်နေတဲ့ လေကလေးကို အာရုံပြုပြီး လေ့ကျင့်ခဲ့ဖူးတာကို သွားသတိရတယ်။ စိတ်ကလေး ငြိမ်သွားတာကို သွားတွေ့တယ်။ အေး-အဲဒါဟာ တကယ့်လမ်းကြောင်း ဖြစ်လောက်တယ်။ အသိဉာဏ် ဖြစ်ပေါ်မယ့် လမ်းကြောင်းက အဲဒီလမ်းကြောင်း ဖြစ်လောက်တယ် ဆိုပြီး ခန္ဓာကိုယ်မျှမျှတတဖြစ်ပြီး အင်အားရှိလာအောင် ဘုရားအလောင်းတော်ဟာ အစာအာဟာရများစားပြီး သူကိုယ်တိုင် ရှာဖွေတွေ့ရှိတဲ့လမ်းကြောင်းကို လျှောက် ကြည့်တယ်တဲ့။

"တရားရှာ ကိုယ်မှာတွေ့" ဆိုတဲ့အတိုင်း တရား ဆိုတာ အပြင်သွားရှာရတာ မဟုတ်ဘူး။ မိမိ နှာခေါင်း ပေါက်လေးက ၂၄-နာရီ ရှူထုတ်နေတဲ့လေ၊ ရှူသွင်း

http://www.dhammadownload.com



နေတဲ့ လေလေး၊ အဲဒီ ရှူသွင်းရှူထုတ် လုပ်နေတဲ့ လေလေးပေါ်မှာ အာရုံစိုက်ထားတယ်။ အဲဒီလို အာရုံစိုက်ထားလိုက်တဲ့အခါ သမာဓိစွမ်းအားတွေ ရပြီးတော့ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, အဘိညာဉ်တွေရတယ်။

ဘုရားအလောင်းဟာ ကိုယ့်လမ်းစဉ်နဲ့ကိုယ် သွားလိုက်တာ ပထမယာမ်မှာ **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်**- အတိတ် ဘဝတွေကိုကြည့်ရင် မြင်နိုင်စွမ်းရှိတဲ့ အဘိညာဉ်ကို ရသွားတယ်။ ဒုတိယယာမ် ရောက်တဲ့အခါ **ဒိဗ္ဗစက္ခုဉာဏ်**– ဝေးတဲ့နေရာ, ခြားကွယ်တဲ့နေရာ, သေးငယ်တဲ့ နေရာတွေကို လှမ်းပြီးကြည့်နိုင်တဲ့ အဘိညာဉ်ကိုရတယ်။ မိုးသောက်ယာမ် ရောက်တဲ့အခါကျတော့ မိမိသန္တာန်မှာ သံသရာက ညစ်ထေးလာတဲ့ ကိလေသာအပူတွေ အညစ်အကြေးတွေကို ဖယ်ရှားပစ်နိုင်တဲ့ **အာသဝက္ခယဉာဏ်** ရတယ်။

ဝိပဿနာ လမ်းကြောင်းကို ပြောင်းလိုက်တာနဲ့ တစ်ပြိုင်နက် မိုးသောက်ယာမ်မှာ **အာသဝက္ခယဉာဏ်**

http://www.dhammadownload.com



ဆိုတာ ရတယ်။ အဲဒီ **အာသဝက္ခယဉာဏ်** ရလိုက်တာနဲ့ ဘုရားအဖြစ်သို့ ရောက်တာပဲ။ အဲဒါ ကိုယ်ပိုင်လမ်းကြောင်း ပြောင်းလျှောက်တာပေါ့။ အဲဒီလို ကိုယ်ပိုင်လမ်းကြောင်း ပြောင်းလျှောက်လိုက်တဲ့အခါ ကိုယ်လိုချင်တဲ့ လမ်းဆုံးကို တွေ့သွားတယ်တဲ့။ ဒါကြောင့်မို့ **စိန္တာမယ** – ဆိုတာ ဘုရားအလောင်းတွေမှာပဲရှိတယ်။

**ဘာဝနာမယ** ဆိုတာကျတော့ ကိုယ့်သန္တာန်မှာ အကြိမ်ကြိမ် အထပ်ထပ်ဖြစ်အောင် ကြိုးစားခြင်းက ထုတ်လုပ်ပေးတဲ့ ပညာမျိုး။ အာရုံပေါ် စိတ်ကလေး လေ့ကျင့်ပေးပြီး- ဆိုပါစို့- ခုန ထွက်လေဝင်လေ အာရုံလေးပေါ်မှာ စိတ်နဲ့အာရုံ ထပ်တလဲလဲတွေ့နေအောင် လေ့ကျင့်ပေးတာ။ ၅-မိနစ်က ၁၀-မိနစ်၊ ၁၀-မိနစ်က နာရီဝက်၊ ၁-နာရီ၊ ၂-နာရီ၊ ၃-နာရီ ဆိုတာ စဉ်ဆက်မပြတ် ထွက်လေဝင်လေလို့ဆိုတဲ့ အာရုံလေးပေါ်မှာ စိတ်ကလေးကို ကပ်ထားပြီးတော့ အာရုံနဲ့ စဉ်ဆက်မပြတ် လေ့ကျင့်ပေးနေတာကို ဘာဝနာလို့ ခေါ်တယ်၊

http://www.dhammadownload.com



အဲဒီလို မိမိသန္တာန်မှာ စိတ်ကိုလေ့ကျင့်ပေးလို့ တိုးတက်ဖြစ်ပေါ်လာတဲ့ ဘာဝနာက ထုတ်လုပ်ပေးလိုက်တဲ့ အသိပညာကို **ဘာဝနာမယပညာ**လို့ ပြောရတယ်။

အရင်တုန်းက မမြဲတာတွေ, ပြောင်းလဲနေတာတွေ မသိဘူး၊ မမြင်ဘူး။ စိတ်ကလေးနဲ့အာရုံ ကပ်ပြီးတော့ လေ့ကျင့်ပေးလိုက်တဲ့အခါကျတော့ စက္ကန့်မလပ် ဖြစ်ပြီးပျက်နေတာပါလား ဆိုတာကို သိလာတယ်။ ဝိပဿနာဉာဏ်ရင့်ရင် ရင့်သလောက်ပဲ။

နောက်ဆုံးမှာ ဖြစ်တယ်ဆိုတာတောင် မမြင်ဘူး၊ ပျက်တာတွေချည်းပဲ မြင်နေတယ်။ အဲဒီလို ဝိပဿနာဉာဏ် ရင့်သန်သွားလို့ရှိရင် လောကကြီးမှာ ဖြစ်နေတယ်ဆိုတာတောင် မရှိလောက်အောင် အပျက်တွေက မြန်လွန်းအားကြီးနေတယ်ဆိုတာ မြင်လာတယ်။ အဲဒီလိုအမြင်မျိုးကို **ဘာဝနာမယ**လို့ ခေါ်တယ်။

အဲဒီကနေ တဆင့်တက်တဲ့အခါ ကိလေသာတွေကို ဖယ်ရှားနိုင်တဲ့ မဂ်ဉာဏ်, ထိုကိလေသာတွေရဲ့ အပူတွေကို ထပ်မံငြိမ်းသတ်ပေးနိုင်တဲ့ ဖိုလ်ဉာဏ်တို့ကို

http://www.dhammadownload.com



ရပြီး စိတ်ဟာ ကိလေသာတွေက လုံးဝလွတ်သွားပြီး **ဝိမုတ္တိ**– လွတ်မြောက်မှု ဆိုတာကို ရရှိသွားတယ်။

လွတ်မြောက်တယ်ဆိုတာ ဘယ်တော့မှ ပြန်မဆက်စပ်တော့ဘူး၊ မလွတ်သေးရင် ပြန်ဆက်စပ်မိနေတယ်။ လွတ်သွားပြီဆိုတာ လုံးဝစပ်ဆက်လို့ မရတော့ဘူး။ အဲဒီလို မဂ်, ဖိုလ်, နိဗ္ဗာန်ထိအောင် ရသွားတဲ့ ဉာဏ်ကို **ဘာဝနာမယဉာဏ်၊ ဘာဝနာမယပညာ** လို့ ခေါ်တယ်။

ဘုန်းကြီးတို့တတွေရဲ့ သန္တာန်မှာ ဖြစ်နိုင်တာက ဘာဖြစ်နိုင်လဲ၊ တရားနာခြင်းဖြင့် **သုတမယဉာဏ်** ရတယ်။ ကြားနာထားတဲ့ အခြေခံလေးပေါ်မှာ အမှီပြုပြီးတော့ စိတ်ကို အာရုံနဲ့ လေ့ကျင့်ပေးလို့ရှိရင် **ဘာဝနာမယပညာ** ဆိုတာရနိုင်တယ်။ **သုတမယ** က **ဘာဝနာမယ** ကိုသွားမယ်။ **သုတမယ**နဲ့တင် ရပ်နေတယ် ဆိုရင်တော့ အသိလေးလောက်ပဲ။ လောကကြောင်းအနေနဲ့ ပြောမယ်ဆိုရင် theory ပေါ့။ နည်းလမ်းပိုင်းလောက်လေးသာ ရတယ်၊ လက်တွေ့သုံးပြီး မကြည့်ဘူး။ practical မလုပ်ဘူး ဆိုလို့ရှိရင်

http://www.dhammadownload.com



**ဘာဝနာမယ** မရနိုင်ဘူးတဲ့။ အဲဒီပညာနှစ်ရပ် ပေါင်းစပ်ပြီး **ဘာဝနာမယပညာ** ဖြစ်မှ ကိုယ်လိုချင်တဲ့ လမ်းကြောင်းပေါ်ရောက်ပြီး ထူးထူးခြားခြား တရားထူးတရားမြတ်ဆိုတာ ရနိုင်တာ။

ဘုရားအလောင်းတော်များမှာတော့ **သုတမယ** မလိုဘူး၊ **စိန္တာမယ**နဲ့ သွားတယ်။ ကိုယ်ပိုင်ဉာဏ်ဖြင့် တွေးတောဆင်ခြင်ပြီး လေ့ကျင့်တယ်။ သူတို့လည်း လေ့ကျင့်ရတဲ့ **ဘာဝနာမယ** ဆိုတာ ရှိရတယ်။ မရှိရင် ဘုရားမဖြစ်ဘူး၊ ပစ္စေကဗုဒ္ဓါ မဖြစ်ဘူး၊ **စိန္တာမယ**လေးနဲ့ တင် ရပ်နေလို့မရဘူး၊ **ဘာဝနာမယ** တိုင်အောင် သွားရမယ်။ အဲဒါကြောင့်မို့ **သုတမယပညာ**ကို အဆင့်မြှင့်တဲ့အခါ **ဘာဝနာမယပညာ** ဖြစ်ရမယ်။ **စိန္တာမယ ပညာ**ကို အဆင့်မြှင့်လိုက်တဲ့အခါ **ဘာဝနာမယပညာ** ဖြစ်ရမယ်၊ ဒါ ပညာရဖို့ရန်အတွက် နည်းလမ်းသုံးသွယ်တဲ့။

အခုလို တရားပွဲကျင်းပပြီး တရားနာတယ်ဆိုတာ **သုတမယဉာဏ်** ရဖို့ ဆည်းပူးအားထုတ်နေကြတာ၊

http://www.dhammadownload.com



ဒီနည်းနဲ့ မိမိတို့ဘဝမှာ အင်မတန်မှ တန်ဖိုးရှိတဲ့ အသိပညာတွေကို ရရှိနိုင်တယ်။

နောက် တခြားနည်းနဲ့ရနိုင်တာက မှန်မှန်ကန်ကန် ရေးသားဖော်ပြထားတဲ့ စာအုပ်တွေကို ဖတ်တယ်၊ မိမိမသိလို့ မရှင်းလင်းတဲ့ အချက်တွေကို သိတဲ့ပုဂ္ဂိုလ်တွေကို မေးမြန်းတယ်၊ ဆွေးနွေးတယ်။ အဲဒါတွေလည်းပဲ အသိဉာဏ်တိုးတက်ရရှိခြင်းရဲ့ အကြောင်းတရားတွေပဲ။ အဲဒီနည်းတွေ မပါဘဲနဲ့ အသိဉာဏ်ရတယ်ဆိုတာ လောကမှာမရှိဘူး။

အသိဉာဏ်ရဖို့ အသိဉာဏ်ရခြင်းအကြောင်းကို လုပ်ရမယ်၊ ဘယ်အရာပဲဖြစ်ဖြစ် လောကီကိစ္စပဲဖြစ်ဖြစ် အရာခပ်သိမ်းဟာ ဆိုင်ရာဆိုင်ရာ အကြောင်းတရားတွေ ရှိကြတာချည်းပဲ။ အဲဒီ ဆိုင်ရာဆိုင်ရာ အကြောင်းတရားတွေကို မလုပ်ဘူးဆိုရင် ဘာမှဖြစ်လာမှာ မဟုတ်ဘူး။

ဒါကြောင့် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီးနဲ့ ကြုံနေတဲ့အခိုက်လေးမှာ သုတမယဉာဏ် ရအောင်

http://www.dhammadownload.com



လည်း လုပ်ရမယ်။ ထို သုတမယဉာဏ်ကို အခြေခံပြီး ဘာဝနာမယ ဆိုတဲ့ လက်တွေ့ကျင့်သုံးမှုကိုလည်း လုပ်ရမယ်တဲ့။ အဲဒီ ၂-ခုနဲ့မှ မိမိတို့ရဲ့ဘဝဟာ တန်ဖိုးရှိတဲ့ဘဝဖြစ်မှာလို့ ပရိသတ်အားလုံး ဒီအသိလေး ရှိထားရမယ်။

ကောင်းပြီ- မြတ်စွာဘုရား ဟောထားတဲ့အတိုင်း သုတမယဉာဏ် ရအောင် ဘုန်းကြီးတို့ ပြောဖို့ရာက "ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာ" - ဘာတွေက ဖြစ်နိုင်ပြီးတော့ ဘာတွေက မဖြစ်နိုင်တာတုန်း။ ဒီတရားတွေကို ဘယ်မှာ မှတ်တမ်းတင်ထားလဲ။ နိကာယ် ၅-ရပ်ထဲမှာ အင်္ဂုတ္တရနိကာယ် ဆိုတာရှိတယ်။ အဲဒီ အင်္ဂုတ္တရနိကာယ်မှာ အချက်တစ်ခုစီ တစ်ခုစီကို စုပေါင်းပြီးထားတဲ့ ဧကနိပါတ် ဆိုတာရှိတယ်။ အဲဒီ ဧကနိပါတ်မှာ "ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာ" တွေကိုစုပြီး မှတ်တမ်းတင်ထားတယ်။ အဲဒီ အင်္ဂုတ္တရနိကာယ်က ထုတ်နှုတ်ပြီး ဘုန်းကြီးတို့ဟောပါ့မယ်။

http://www.dhammadownload.com



နောက်တစ်ခုက အဲဒီ အချက်အလက်တွေကိုပဲ အဘိဓမ္မာ ၇-ကျမ်းမှာ အပါအဝင်ဖြစ်တဲ့ ဝိဘင်းကျမ်းမှာ (ပါဠိလို ဝိဘင်္ဂ) လည်း မဖြစ်နိုင်ဘူး၊ ဖြစ်နိုင်တယ်ဆိုတဲ့ အချက်အလက်တွေပြထားတယ်။ အဲဒါတွေကို ပေါင်းစပ်ပြီးတော့ "ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာ" ကို ဒီကနေ့ည ကြားနာကြရမှာပါ။

## စကြဝဠာတစ်ခုမှာ ဘုရားတစ်ဆူသာ ပွင့်နိုင်တယ်

ကဲ- စပြီးပြောရမယ် ဆိုလို့ရှိရင် စကြဝဠာ universe တစ်ခုမှာ ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာက စရမယ်။ စကြဝဠာဆိုတဲ့ စကားလုံးက ပါဠိစာပေထဲမှာ တော်တော်လေးနောက်ကျပြီးမှဝင်လာတယ်။ စောစောပိုင်းကတော့ "လောကဓာတု" ဆိုတဲ့ စကားလုံးကို အသုံးပြုတယ်။ မြတ်စွာဘုရားကိုယ်တိုင် သုံးခဲ့တဲ့ စကားလုံးက လောကဓာတု၊ ဒီကနေ့ခေတ် ခေတ်ပညာလို့ ခေါ်နေတဲ့ ပညာရပ်ကို တစ်ချိန်တုန်းက မြန်မာနိုင်ငံမှာ "လောကဓာတ်ပညာ" လို့ ခေါ်ခဲ့ဖူးတယ်။

http://www.dhammadownload.com



လောကဓာတုဆိုတဲ့ စကားလုံးဟာ ဒီ universe ဆိုတဲ့ စကြဝဠာကို ပြောတာပဲ။

အဲဒီစကြဝဠာတွေထဲမှာ ဘုရားပွင့်တဲ့ စကြဝဠာ ရှိတယ်။ အဲဒီဘုရားပွင့်တဲ့ စကြဝဠာမှာ ဘုရားနှစ်ဆူ တစ်ပြိုင်နက် ပွင့်နိုင်သလား၊ မပွင့်နိုင်ဘူးလား။ "လောကဓာတ်တစ်ခုတည်းမှာ ဘုရားနှစ်ဆူ ပွင့်တယ် ဆိုတာ မဖြစ်နိုင်ဘူးတဲ့။ ဖြစ်နိုင်တာက ဘာတုန်း၊ လောကဓာတ် တစ်ခုတည်းမှာ သို့မဟုတ် စကြဝဠာ တစ်ခုတည်းမှာ ဘုရားတစ်ဆူသာ ပွင့်နိုင်တယ်"။ ဘုရား နှစ်ဆူ စကြဝဠာတစ်ခုတည်းမှာ ပြိုင်ပြီးတော့ မပွင့်နိုင် ဘူးတဲ့၊ ဒါ တစ်ခုမှတ်ရမယ်။

ဒါမှတ်တော့ ဘာအကျိုးရှိလဲ၊ ဩော် လောကမှာ ဘုရားဆိုတဲ့ပုဂ္ဂိုလ်ဟာ အင်မတန် ထူးခြားတယ်၊ စကြဝဠာကြီးတစ်ခုလုံးမှာတစ်ဦးတည်းသာ ပေါ်ပေါက် နိုင်တယ်။

စကြဝဠာကြီး တစ်ခုမှာ လူမျိုးတစ်မျိုးအနေနဲ့ ပြောတာမဟုတ်ဘူး၊ သတ္တဝါတစ်မျိုးတည်းကို ပြော

http://www.dhammadownload.com



တာလည်း မဟုတ်ဘူး၊ လူသားတွေကို ပြောတာလည်း မဟုတ်ဘူး၊ သက်ရှိသတ္တဝါတွေအားလုံးခြုံငုံပြီး တစ်ဦးတည်းပဲဖြစ်နိုင်တယ်၊ တစ်ဦးတည်းပဲရှိတယ်။ စကြဝဠာတစ်ခုမှာ ဘုရားက တစ်ဆူပဲ ပွင့်နိုင်တယ်၊ ဒါ ဖြစ်နိုင်တယ်၊ ပြိုင်တူနှစ်ဆူပွင့်တယ်ဆိုတာ မဖြစ်နိုင်ဘူး၊ နှစ်ဆူမဖြစ်နိုင်ဘူးဆိုတော့ သုံးဆူ, လေးဆူဆို သာပြီး မဖြစ်နိုင်သေးတယ်။

## စကြဝဠာတစ်ခုမှာ စကြဝတေးမင်း တစ်ဦးသာ ပေါ်နိုင်တယ်

နောက်တစ်ခု မှတ်စရာက လောကမှာ သတ္တဝါတွေကို အမှန်တရားဟောပြောတဲ့ ဗုဒ္ဓဆိုတဲ့ ထူးခြားတဲ့ အစ္ဆရိယ အံ့ဖွယ်လူသားဟာ တစ်ဦးတည်း ဖြစ်သလိုပဲ မှန်ကန်တဲ့ လမ်းကြောင်းပေါ်ကနေပြီးတော့ လူသားတွေအားလုံးကို ကောင်းတဲ့ဘက်ကို ဦးဆောင်သွားတဲ့ လူ့ခေါင်းဆောင် စကြဝတေးမင်း ဆိုတာဟာလည်း စကြဝဠာတစ်ခုမှာ တစ်ဦးပဲ ဖြစ်နိုင်တယ်တဲ့။ နှစ်ဦး

http://www.dhammadownload.com



မဖြစ်နိုင်ဘူး။ "စကြဝဠာတစ်ခုမှာ စကြဝတေးမင်း နှစ်ဦးပြိုင်တူပေါ်တယ်ဆိုတာ မဖြစ်နိုင်ဘူး၊ စကြဝတေး မင်း တစ်ဦးတည်းပေါ်တာသာ ဖြစ်နိုင်တယ်"။

ဘာဖြစ်လို့ စကြဝတေးမင်းကို ဒီလိုတန်ဖိုးထားရ သလဲဆိုရင် ထိုစကြဝတေးမင်းပေါ်တဲ့ အချိန်ဟာ လောကမှာရှိတဲ့ လူသားတွေအတွက် ရွှေခေတ်လို့ ဆိုရလောက်အောင် အကောင်းဆုံးအခြေအနေကို ရရှိ တယ်။ ဒါဘယ်သူက ဦးဆောင်တာလဲ၊ စကြဝတေးမင်း က ဦးဆောင်တာ။ စကြဝတေးမင်းက လူတွေကို မှန်ကန်တဲ့လမ်းကြောင်းပေါ် တင်ပေးတယ်၊ သို့သော် သူတင်ပေးတဲ့ လမ်းကြောင်းက နိဗ္ဗာန်လမ်းကြောင်း တော့ မဟုတ်ဘူး၊ နတ်ပြည်လမ်းကြောင်းပဲ ဖြစ်တယ်။ သူက နိဗ္ဗာန်လမ်းကြောင်းပေါ်ကို တင်မပေးနိုင်ဘူး။

စကြဝတေးမင်း တင်ပေးလိုက်တဲ့လမ်းက နတ် ပြည် သွားတဲ့လမ်း၊ ဗုဒ္ဓမြတ်စွာ တင်ပေးတဲ့လမ်းက နတ်ပြည်လမ်းတင်မကဘူး၊ နိဗ္ဗာန် သွားတဲ့လမ်းပါ တင်ပေးတယ်။ ဒီလို ထူးခြားတယ်၊ ဒါကြောင့်မို့ လူတိုင်း

http://www.dhammadownload.com



လူတိုင်းဟာ အပါယ်ငရဲမကျဘဲနဲ့ နတ်ပြည် ရောက်အောင် ပို့ဆောင်နိုင်တယ် ဆိုတာလည်း နည်းတဲ့ စွမ်းရည်သတ္တိ မဟုတ်ဘူး၊ လမ်းကြောင်းအမှန်ပေါ် မှာ တင်ပေးတာ။

ဒီကနေ့ခေတ်မှာ ဘုရားဆိုတဲ့ ပုဂ္ဂိုလ်တိုင်းဟာ မှန်ကန်တဲ့လမ်းကြောင်းပေါ် တင်မပေးနိုင်တာ အများကြီးပဲ။ လမ်းမှားအောင် ဦးဆောင်ထားတာတွေ အများကြီးပဲ။ လူတွေမှာ ရှိကြတယ် - ဘာသာအမျိုးမျိုး၊ ဟိုကလည်း ဘုရား, ဒီကလည်း ဘုရား၊ အဲဒီ ဘုရားဆိုတဲ့ပုဂ္ဂိုလ်တွေ ညွှန်ကြားထားတဲ့အတိုင်း လိုက်နာလို့ရှိရင် နောက်ဆုံးမှာ နိဗ္ဗာန်လမ်းကြောင်းပေါ်ရောက်ဖို့ နေနေသာသာ နတ်ပြည်လမ်းကြောင်းပေါ် ရောက်ဖို့တောင် ခက်ခဲတယ်။

ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါတုန်းက လူတကာက ကိုးကွယ်ပြီး ရှိသေလေးစားရတဲ့ အာဇီဝက ဂိုဏ်းကြီးဆိုတာ ရှိတယ်။ အဲဒီ အာဇီဝကအကျင့်ကို စွမ်းစွမ်းတမံ ကျင့်သွားတဲ့ပုဂ္ဂိုလ်တွေ ရှိတယ်။ မြတ်စွာ

http://www.dhammadownload.com



ဘုရားကို ပရိဗိုဇ်တစ်ယောက်က မေးတယ်၊ "အရှင်ဘုရား၊ ဘဝမှ လွတ်မြောက်သွားတဲ့ အာဇီဝကမျိုးကို အရှင်ဘုရားတွေ့ဖူးလား"လို့မေးတယ်။ "ငါ့ ဉာဏ်တော်ကြီးနဲ့ ၉၁-ကမ္ဘာထိအောင် အာဇီဝက တစ်ဦးတစ်လေမျှား နတ်ပြည်ရောက်တာ ရှိသလား၊ လွတ်မြောက်သွားတာ ရှိသလားလို့ ငါ လေ့လာကြည့်ဖူးတယ်၊ လေ့လာကြည့်တဲ့အခါ ဘဝမှ လွတ်မြောက်သွားတဲ့ အာဇီဝကဆိုတာ တစ်ယောက်မှမရှိဘူး"တဲ့။ "ဘဝမှ မလွတ်မြောက်တောင်မှ နတ်ပြည်ရောက်တဲ့ အာဇီဝက ဘယ်လောက်ရှိသလဲလို့ ရှာကြည့်တာ ၉၁-ကမ္ဘာထဲမှာ တစ်ယောက်ပဲရှိတယ်။ ကျန်တဲ့သူတွေ အကုန်လုံး အောက်လျှိုးကုန်ကြတာချည်းပဲ" တဲ့။ ကဲ၊ ဘယ်လောက် နစ်နာလဲ၊ လမ်းကြောင်းမှားရင် မနစ်နာပေဘူးလား၊ နစ်နာတယ်။

စကြဝတေးမင်းကြီးကတော့ လူတွေကို မှန်ကန်တဲ့ လမ်းကြောင်းပေါ် တင်ပေးနိုင်တယ်၊ ဘယ်လိုတင်ပေးတာလဲ။ သူတင်ပေးတာက ရှင်းရှင်းလေးပဲ-

http://www.dhammadownload.com



(၁) ပါဏော န ဟန္တဗ္ဗော –
- သူများအသက် မသတ်နဲ့။
(၂) အဒိန္နံ နာဒါတဗ္ဗံ –
- သူတစ်ပါးဉစ္စာ မတရားမယူနဲ့။
(၃) ကာမေသုမိစ္ဆာ န စရိတဗ္ဗာ –
- ကာမဂုဏ်အာရုံနဲ့ ပတ်သက်ပြီး
မှားယွင်းတဲ့အကျင့်တွေ မကျင့်ကြနဲ့၊
(၄) မုသာ န ဘဏိတဗ္ဗာ –
- လိမ်မပြောကြနဲ့။
(၅) မဇ္ဇပါနံ န ပါတဗ္ဗံ –
- မူးယစ်ဆေးဝါး သေရည်သေရက်
မသောက်ကြနဲ့ ... ဒီ ၅-ခုပဲ ဟောတာ။

အဲဒါ လိုလို့ရှိရင် လူတွေအဖို့ နတ်ပြည်လမ်းကြောင်းကြီး ပွင့်နေမှာပဲ။ အများကြီးလုပ်စရာ မလိုဘူး။ စကြဝတေးမင်း လက်ထက်မှာ ဒီလမ်းကြောင်းကို ဖော်ထုတ်ပေးတယ်။ တိုင်းသူပြည်သား အားလုံးဟာ

http://www.dhammadownload.com



ဒီလမ်းကြောင်းပေါ် လျှောက်လှမ်းပြီးတော့ နတ်ပြည်ရောက်ကုန်ကြတယ်။

ဒါကြောင့် universe တစ်ခုမှာ စကြဝတေးမင်းဆိုတာ နှစ်ဦးမပေါ်ဘူးတဲ့၊ တစ်ဦးပဲပေါ်တယ်။ နှစ်ဦးဆိုတာ မဖြစ်နိုင်ဘူးတဲ့။ တစ်ဦးပဲဖြစ်နိုင်တယ်၊ ဒါလည်း ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာ တစ်ခုပေါ့။

## လူတို့၏ အမူအကျင့်များနှင့် ပတ်သက်၍ ဖြစ်နိုင်တာ နှင့် မဖြစ်နိုင်တာ

နောက်တစ်ခု ဖြစ်နိုင်တာနဲ့မဖြစ်နိုင်တာကဘာလဲ၊ လောကလူတွေမှာ လူတွေရဲ့စရိုက်ဆိုတာ ရှိတယ်။ စရိုက်ဆိုတာ သူတို့ရဲ့အမူအကျင့်တွေကိုပြောတာ၊ အမူအကျင့်ဟာ ကောင်းတဲ့ အမူအကျင့်ရှိတယ်, ဆိုးတဲ့ အမူအကျင့် ရှိတယ်။ ကောင်းတဲ့ အမူအကျင့်ကို သုစရိုက်လို့ ခေါ်တယ်၊ မကောင်းတဲ့အမူအကျင့်, ဆိုးတဲ့ အမူအကျင့်ကို ဒုစရိုက်လို့ခေါ်တယ်ပေါ့။ ပါဠိစာပေက သုစရိတ, ဒုစ္စရိတ- ကောင်းစွာ ကျင့်အပ်တဲ့အကျင့်,

http://www.dhammadownload.com



မကောင်းသဖြင့် ကျင့်အပ်တဲ့အကျင့်၊ မှန်မှန်ကန်ကန် ကျင့်တဲ့အကျင့်, မှားမှားယွင်းယွင်း ကျင့်တဲ့အကျင့်လို့ ဆိုတယ်။ သုစရိုက်, ဒုစရိုက်ဆိုပြီး ဒီလို ခွဲထားတယ်။

ထို သုစရိုက်, ဒုစရိုက် ခွဲခြားတဲ့အခါ စိတ်ထဲက ကြံတွေးတဲ့ သုစရိုက်ရှိတယ်, စိတ်ထဲက ကြံတွေးတဲ့ ဒုစရိုက်ရှိတယ်။ နှုတ်ကပြောတဲ့သုစရိုက်ရှိတယ်, နှုတ်က ပြောတဲ့ ဒုစရိုက်ရှိတယ်။ ကိုယ်ထိလက်ရောက်လုပ်တဲ့ သုစရိုက်ရှိတယ်, ကိုယ်ထိလက်ရောက်လုပ်တဲ့ ဒုစရိုက် ရှိတယ်။ လူတွေမှာ 'စိတ်ကတွေးတယ်, နှုတ်က ပြောတယ်, ကိုယ်ထိလက်ရောက်လုပ်တယ်' ဆိုတဲ့ အလုပ်နဲ့ ပတ်သက်ပြီးတော့ အဲဒီလို သုံးမျိုးခွဲပြီးတော့ အကောင်း အဆိုးကို ခွဲကြည့်ပါ။ အဲဒီလို အကောင်းအဆိုးကို ခွဲကြည့်ပြီး ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာကို ဆင်ခြင် စဉ်းစားရမှာ။

ဆိုပါစို့- မနောဒုစရိုက်တဲ့၊ ဘယ်ဟာတွေကို မနောဒုစရိုက် ခေါ်တာတုန်းဆိုရင် အဘိဇ္ဈာ–သူများ ပစ္စည်းကို ကိုယ့်ပစ္စည်း ဖြစ်ဖို့အတွက် ကြံတွေးတဲ့

http://www.dhammadownload.com



လောဘ၊ ဒါ စိတ်ထဲမှာ ဖြစ်တာနော်။ "ဒီလူ ဒုက္ခရောက်သွားပါစေ၊ အကျိုးမဲ့ဖြစ်သွားပါစေ" လို့ အမုန်းတရားကို ရင်ထဲမှာပွားပြီးတော့ လူတစ်ယောက်ရဲ့ ပျက်စီးရာ ပျက်စီးကြောင်းကို ဒေါသနဲ့ကြံတွေးတာက ဗျာပါဒ၊ ကံ ကံ၏အကျိုးတရားတွေကို ငြင်းပယ်တာက **မိစ္ဆာဒိဋ္ဌိ**၊ ကံကိုလက်မခံဘူး, တမလွန်ဘဝဆိုတာ လက်မခံဘူး, ကုသိုလ်ကံ အကုသိုလ်ကံရဲ့ အကျိုးဆိုတာကို လက်မခံဘူး၊ ငြင်းပယ်တဲ့ **မိစ္ဆာဒိဋ္ဌိ**။ အဲဒီ ၃-မျိုးကို မနောဒုစရိုက်လို့ခေါ်တယ်။ စိတ်နဲ့ပြုလုပ်တဲ့, အကျင့်ဆိုးတဲ့၊ အဲဒီ စိတ်ထဲမှာဖြစ်ပေါ်လာတဲ့ အကျင့်ဆိုးကို မြတ်စွာဘုရားက အဲဒီ အကျင့်ဆိုးရဲ့ လိုချင်စရာ၊ နှစ်သက်စရာ၊ မြတ်နိုးစရာကောင်းတဲ့ အကျိုးတရားဆိုတာ မဖြစ်နိုင်ဘူးတဲ့။

ဆိုလိုတာက "ဒုစရိုက်တရားက ကောင်းကျိုးထုတ်လုပ်တယ်ဆိုတာ မဖြစ်နိုင်ဘူး၊ ဖြစ်နိုင်တာက ဒုစရိုက်တရားက ဆိုးကျိုးကိုသာ ထုတ်လုပ်တယ်၊ အဲဒါက ဖြစ်နိုင်တာ"။

http://www.dhammadownload.com



လူတစ်ယောက် ဒုစရိုက်တွေလုပ်ပြီးတော့ ကြီးပွား တိုးတက်နေတာ ဒုစရိုက်ကြောင့် ကြီးပွားတိုးတက်တယ် လို့ လူတွေက ထင်ကောင်းထင်လိမ့်မယ်။ ဒါ ဒုစရိုက် ကြောင့် ကြီးပွားနေတာ မဟုတ်ဘူး။ အတိတ်ဘဝက သူလုပ်ခဲ့တဲ့ ကုသိုလ်ကံက အကျိုးပေးနေတာ။ ကုသိုလ် ကံရဲ့အကျိုးကို ခံစားရတာ။ လုံ့လဝီရိယရဲ့ အကျိုးကို ခံစားရတာ။ ဒုစရိုက်က ဘယ်တော့မှ ကောင်းကျိုး ချမ်းသာ မပေးနိုင်ဘူး။ အဲဒါကြောင့်မို့ ဒုစရိုက်ရဲ့ ဆိုးကျိုးဆိုတာပဲ ဖြစ်နိုင်တယ်၊ ဒုစရိုက်ရဲ့ ကောင်းကျိုး ဆိုတာ မဖြစ်နိုင်ဘူးတဲ့။

"ဖြစ်နိုင်တယ် - မဖြစ်နိုင်ဘူး" ဆိုတာ လုံးဝ သေချာပေါက် ပြောတဲ့စကား။ "ဖြစ်ချင် ဖြစ်မယ်- မဖြစ်ချင် မဖြစ်ဘူး" လို့ပြောတာမဟုတ်ဘူး၊ ဖြစ်နိုင်တာ နဲ့ မဖြစ်နိုင်ဘူးလို့ပြောတာ။ မဖြစ်နိုင်ဘူး ဆိုတာက impossible၊ ဖြစ်နိုင်တယ် ဆိုတာက possible ။

ကောင်းပြီ၊ စိတ်နဲ့ ပတ်သက်ပြီးတော့ အကျင့် ကောင်းဆိုတာ ဘာလဲ။ သူများပစ္စည်းကို ကိုယ့်ပစ္စည်း

http://www.dhammadownload.com



ဖြစ်အောင် ဘယ်တော့မှ လောဘနဲ့မကြံတွေးဘူး၊ ဒီလို ကြံတွေးမှုမှ ရှောင်တယ်- **အနဘိဇ္ဈာ**။ အမုန်းတရားကို အခြေခံပြီးတော့ သူတစ်ပါး ပျက်လိုပျက်စီး 'ဒီလူ ဒုက္ခ ရောက်ပါစေ' ဆိုတဲ့ အတွေးမျိုး ဘယ်တော့မှ မတွေး ဘူး၊ 'ကောင်းကျိုးချမ်းသာတွေ ဖြစ်ပါစေ'ဆိုတဲ့ အတွေး မျိုးပဲတွေးတယ်- **အဗျာပါဒ**။ ကံ ကံ၏ အကျိုးကို ယုံကြည်တယ်၊ လက်ခံတယ်- **သမ္မာဒိဋ္ဌိ**၊ အဲဒီသုံးမျိုးကို မနောသုစရိုက်လို့ ခေါ်တယ်။ စိတ်ထဲမှာဖြစ်တဲ့ အကျင့် ကောင်း သုံးမျိုးလို့ ခေါ်တယ်။

အဲဒီ စိတ်ထဲမှာဖြစ်တဲ့ အကျင့်ကောင်း သုံးမျိုး ဟာ ဆိုးကျိုးပေးတယ်ဆိုတာ မဖြစ်နိုင်ဘူး၊ ကောင်းကျိုး ပေးတယ်ဆိုတာသာ ဖြစ်နိုင်တယ်။ သူတို့ရဲ့ ဆိုးကျိုး ဟာ မဖြစ်နိုင်ဘူး၊ သူတို့ရဲ့ ကောင်းကျိုးသာ ဖြစ်နိုင် တယ်။ ဒါလည်း ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာ။

ထို့အတူပဲ နှုတ်နဲ့ပတ်သက်ပြီးတော့ အကျင့်ဆိုး, နှုတ်နဲ့ ပတ်သက်ပြီးတော့ အကျင့်ကောင်း၊ နှုတ်နဲ့ ပတ်သက်တဲ့ အကျင့်ဆိုးဆိုတာ-လိမ်ပြောတယ်, တစ်ဦး

http://www.dhammadownload.com



နဲ့တစ်ဦး မတည့်အောင် ကုန်းတိုက်တယ်, ဆဲတယ်, အကျိုးမရှိတဲ့စကားတွေကိုပြောတယ်၊ အဲဒါကို ဝစီဒုစရိုက်လို့ခေါ်တာပဲ။ အဲဒီ "ဝစီဒုစရိုက်က ကောင်းကျိုးချမ်းသာပေးတယ်ဆိုတာ မဖြစ်နိုင်ဘူး၊ မကောင်းကျိုးပေးတယ် ဆိုတာသာ ဖြစ်နိုင်တယ်"။ ဆိုလိုတာက ဝစီဒုစရိုက်ရဲ့အကျိုးဟာ အဆိုးပဲ ဖြစ်ရမယ်၊ အကောင်းဘယ်တော့မှ မလာဘူးလို့ ဒီလိုပြောတာ။

နှုတ်နဲ့ ပတ်သက်တဲ့ အကျင့်ကောင်းကတော့ လိမ်မပြောဘူး၊ မှန်တာပဲပြောတယ်။ ကုန်းမတိုက်ဘူး၊ ညီညွတ်အောင်စေ့စပ်ပေးတယ်။ မဆဲဘူး၊ ယဉ်ကျေးတဲ့စကားနဲ့ပြောတယ်။ အကျိုးမရှိတဲ့စကားတွေ မပြောဘူး၊ အကျိုးရှိတဲ့စကားတွေပြောတယ်။ ဒါ နှုတ်နဲ့ပတ်သက်တဲ့ အကျင့်ကောင်း။ အဲဒီ "နှုတ်နဲ့ပတ်သက်တဲ့ အကျင့်ကောင်းရဲ့ မကောင်းကျိုးဆိုတာ မဖြစ်နိုင်ဘူးတဲ့၊ နှုတ်နဲ့ပတ်သက်တဲ့ အကျင့်ကောင်းရဲ့ အကျိုးဟာ ကောင်းကျိုးသာ ဖြစ်နိုင်တယ်" တဲ့။ ဒါလည်း ဖြစ်နိုင်တာနဲ့မဖြစ်နိုင်တာကို မြတ်စွာဘုရား ဟောထား

http://www.dhammadownload.com



နောက်တစ်ခုက ကိုယ်ထိလက်ရောက်လုပ်တဲ့ အကျင့်ကောင်းနဲ့အကျင့်ဆိုး။ အကျင့်ဆိုးဆိုတာဘာလဲ၊ သတ္တဝါတွေရဲ့အသက်ကို ကိုယ်ထိလက်ရောက် သတ်တယ်၊ သူများပစ္စည်းကို မတရားသဖြင့် ကိုယ်ထိလက်ရောက်ယူတယ်၊ သူတစ်ပါးသားမယား မကျူးလွန်ရမယ့် ပုဂ္ဂိုလ်တွေနဲ့ ကျူးလွန်တယ်၊ ကာမဂုဏ်နဲ့ ပတ်သက်ပြီးတော့ ဖောက်ပြန်တယ်၊ ဒါကို အကျင့်ဆိုးလို့ ပြောတယ်။

အဲဒီနေရာမှာ **ကာမေသုမိစ္ဆာစာရ** လို့ လူတွေပြောလေ့ရှိကြတယ်။ အမျိုးသားတွေမှာ **မိစ္ဆာစာရ** ဖြစ်ဖို့အတွက် အမျိုးသမီး ၂၀ ရှိတယ်။ အမျိုးသမီး ၂၀ ကို ကျမ်းဂန်တွေက ဘယ်လိုပြောလဲ? အမျိုးအစားခွဲကြည့်ရအောင်။ ဝိသုဒ္ဓါရုံဆရာတော်ကြီးက အကျဉ်းချုပ် လင်္ကာကလေး လုပ်ထားတယ်။ **"မာ, ပိ၊ မာပိ၊ ဘနဲ့ဘာ၊ ဉာ, ဂေါ, ဓံ, သ, သာ"** တဲ့။ အမျိုးသမီး ၁၀-ယောက်။ **မာ** ဆိုတာ **မာတုရက္ခိတာ**-အမေရဲ့ အုပ်ထိန်းမှု အောက်မှာရှိတဲ့ အမျိုးသမီး။ **ပိ** ဆိုတာ

http://www.dhammadownload.com



**ပိတုရက္ခိတာ**-အဖေရဲ့စောင့်ရှောက်မှုအောက်မှာရှိတဲ့ အမျိုးသမီး။ အဲဒါတွေနဲ့ကျူးလွန်လို့ရှိရင် **ကာမေသု-မိစ္ဆာစာရ** ဖြစ်တယ်။ **မာပိ–မာတာပိတုရက္ခိတာ** အမေ အဖေ နှစ်ယောက်စလုံးက ထိန်းသိမ်းစောင့်ရှောက်တယ်၊ မိဘအစုံရှိတဲ့ အမျိုးသမီး၊ တစ်ခါတစ်လေ ကျတော့ အမေသာရှိတယ် အဖေမရှိဘူး၊ အဖေသာ ရှိတယ် အမေမရှိဘူး။ **ဘနဲ့ဘာ – ဘဂိနိရက္ခိတာ၊ ဘာတုရက္ခိတာ** အကိုတွေ မောင်တွေရဲ့ ထိန်းသိမ်း စောင့်ရှောက်ခံရတာ၊ အစ်မ, ညီမတွေရဲ့ ထိန်းသိမ်း စောင့်ရှောက်မှု အောက်မှာရှိတာ။ **ဉာ– ဉာတိ-ရက္ခိတာ**– အမေ အဖေ ညီအကို မောင်နှမတွေ မရှိဘူး ဆိုရင် ဆွေမျိုးတွေက ထိန်းသိမ်းစောင့်ရှောက်တဲ့ အမျိုး သမီး။ **ဂေါ–ဂေါတ္တရက္ခိတာ**–ဆွေတွေ မျိုးတွေ မရှိဘူး ဆိုရင် အနွယ်တူတွေကစောင့်ရှောက်တာ၊ မြန်မာပြည် မှာ အနွယ်တူဆိုတာ သိပ်မရှိဘူး၊ တခြားလူမျိုးတွေ မှာတော့ surname လို့ခေါ်တဲ့ အမည်တွေရှိတယ်။ မျိုးရိုးပေါ့။ မျိုးရိုးကနေပြီး အစဉ်အဆက် ထိန်းသိမ်း

http://www.dhammadownload.com



စောင့်ရှောက်တာ။ ဓမ္မရက္ခိတာ – တရားကျင့်ဖော်တွေက ထိန်းသိမ်းစောင့်ရှောက်တဲ့ အမျိုးသမီး။

နောက်ဆယ်ယောက်က လက်ထပ်ထားတဲ့ အမျိုးသမီးတွေကို ပြောတာ။ လင်ရှိမယားကို ပြောတာ။ နောက်ပြီးတော့ ဒီအမျိုးသမီးနဲ့ မကျူးလွန်ရဘူးလို့ ဥပဒေဒဏ် ချမှတ်ပြီးတော့ထားတဲ့ အမျိုးသမီး။ အဲဒါမျိုးတွေနဲ့ ဖောက်ပြန်လို့ရှိရင် ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်။

**ဓ, ဆန်, ဘော, ပ၊ ဩ, ဩ, ဓ၊ ကမ္မ, ဒါ, မုဟာ–** ဒီအမျိုးသမီးတွေက အကြောင်းတစ်ခုခုနဲ့ အိမ်ထောင်ပြုထားတဲ့ အမျိုးသမီးတွေ။ အဲဒီအမျိုးသမီးတွေက ၁၀-ယောက်။ မိဘစသည်တို့ရဲ့ စောင့်ရှောက်မှုအောက်မှာရှိတဲ့ အမျိုးသမီးတွေက ၁၀-ယောက်။ ပေါင်းလိုက်တဲ့အခါ အမျိုးသမီး-၂၀။ အဲဒီ ၂၀-နဲ့ ဖောက်ပြန်တဲ့ယောကျ်ားသည် ကာမေသုမိစ္ဆာစာရမှု ကျူးလွန်တာပဲ။ ဒီလိုပြောတာ၊ အသေးစိတ်တော့ မပြောတော့ဘူး။

http://www.dhammadownload.com



အဲဒီလို ကာယဒုစရိုက်-ဒီကာယကံနဲ့ ပတ်သက်တဲ့အကျင့်ဆိုး မိမိသန္တာန်မှာရှိပြီဆိုလို့ရှိရင် ထိုအကျင့်ဆိုးရဲ့ ကောင်းကျိုးချမ်းသာဆိုတာ မဖြစ်နိုင်ဘူးတဲ့။ ထိုအကျင့်ဆိုးရဲ့ ဆိုးကျိုးသာ ဖြစ်နိုင်တယ်တဲ့။ ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာ။

ဒါဖြင့် ကာယကံနဲ့ပတ်သက်တဲ့ ကောင်းတဲ့အကျင့် ကာယသုစရိုက်ဆိုတာ ဘာလဲဆိုလို့ရှိရင် **ပါဏာတိပါတ**က ရှောင်တယ်၊ **အဒိန္နာဒါန**က ရှောင်တယ်၊ **ကာမေသု-မိစ္ဆာစာရ**က ရှောင်တယ်။ အဲဒီလို ရှောင်ကြဉ်မှုက ကောင်းကျိုး ချမ်းသာကို ဖြစ်ပေါ်စေနိုင်တယ်၊ မကောင်းကျိုး ပေးတယ်ဆိုတာ မဖြစ်နိုင်ဘူးတဲ့။

မြတ်စွာဘုရားက ဒုစရိုက် ၁၀-ပါးနဲ့ ပတ်သက်ပြီးတော့ 'ကောင်းကျိုး ဆိုးကျိုးဆိုတာ ဓမ္မနိယာမ-လောကနိယာမ သဘာဝအတိုင်း သတ်မှတ်ထားချက်အတိုင်းပဲရှိတယ်'၊ 'ပြောင်းလွဲ ဖောက်ပြန်ပြီးတော့ ဒုစရိုက်က ကောင်းကျိုးကို ထုတ်လုပ်တယ်၊ သုစရိုက်က ဆိုးကျိုးကို ထုတ်လုပ်တယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး'၊

http://www.dhammadownload.com



'သုစရိုက်က ကောင်းကျိုးချမ်းသာ ပေးတယ်ဆိုတာ ဖြစ်နိုင်တယ်၊ ဒုစရိုက်က ကောင်းကျိုးချမ်းသာ ပေးတယ်ဆိုတာ မဖြစ်နိုင်ဘူး'၊ 'ဒုစရိုက်က ဆိုးကျိုး ပေးတယ်ဆိုတာ ဖြစ်နိုင်တယ်၊ သုစရိုက်က ဆိုးကျိုး ပေးတယ်ဆိုတာ မဖြစ်နိုင်ဘူး' တဲ့။ မြတ်စွာဘုရားက ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာ ဒီလိုဟောတယ်။

## ပုဂ္ဂိုလ်နှင့်ပတ်သက်၍ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ

နောက်တစ်ခုက အခုပြောခဲ့တဲ့ သုစရိုက်, ဒုစရိုက် လုပ်တဲ့ပုဂ္ဂိုလ်၊ ခုနပြောတာက သုစရိုက်ဆိုတဲ့ ကောင်း တဲ့ အကျင့်, ဒုစရိုက်ဆိုတဲ့ မကောင်းတဲ့အကျင့်ကို ဓမ္မဓိဋ္ဌာန်အနေနဲ့ ပြောတာ။ ပုဂ္ဂလဓိဋ္ဌာန်နဲ့ ကြည့် လိုက်မယ်ဆိုလို့ရှိရင် ဒုစရိုက်မှုတွေကို ပြုလုပ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ထိုဒုစရိုက်ကို အကြောင်းပြု ပြီးတော့ ကောင်းရာသုဂတိကို ရောက်တယ်ဆိုတာ မဖြစ်နိုင်ဘူးတဲ့။ သုစရိုက်ကို အကြောင်းပြုပြီးတော့ အပါယ်ငရဲကျတယ် ဆိုတာလည်း မဖြစ်နိုင်ဘူးတဲ့။

http://www.dhammadownload.com



ဒုစရိုက်တည်းဟူသော အကြောင်းကြောင့် အပါယ်ရဲ ကျတာသာ ဖြစ်နိုင်ပြီးတော့ သုစရိုက်တည်းဟူသော အကြောင်းကြောင့် ကောင်းရာသုဂတိ ရောက်တာသာ ဖြစ်နိုင်တယ်လို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် က ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာကို ဒီလိုဟောပြောတယ်။

## သောတာပန်ပုဂ္ဂိုလ်နှင့် ပတ်သက်၍ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ

နောက်တစ်ခုက မြတ်စွာဘုရားက ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာ ဒီနှစ်ခုကို ဘာနဲ့ဆက်စပ်ပြီး ဟောသေး သလဲလို့ဆိုရင် သောတာပန်ပုဂ္ဂိုလ်နဲ့ ပတ်သက်ပြီး ဟောသေးတယ်။ သောတာပန်ပုဂ္ဂိုလ်နဲ့ ပတ်သက်ပြီး တော့ ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာကို ဘုန်းကြီးတို့တတွေ မှတ်သားရမှာ ဖြစ်တယ်။

ဒိဋ္ဌိသမ္ပန္နလို့ ခေါ်တဲ့ မှန်ကန်တဲ့အမြင်တစ်ခုကို ရရှိထားတဲ့ သောတာပန်ပုဂ္ဂိုလ်တစ်ယောက်ဟာ သင်္ခါရ တရားကို 'နိစ္စ' လို့ ဘယ်တော့မှ မရှုမှတ်တော့ဘူး။

http://www.dhammadownload.com



သင်္ခါရတရားမှန်သမျှ 'နိစ္စ'လို့ ဘယ်တော့မှ မမြင်ဘူး၊ အဲဒီတော့ ဒိဋ္ဌိသမ္ပန္နပုဂ္ဂိုလ်အနေနဲ့ သောတာပန်ပုဂ္ဂိုလ် အနေနဲ့ သင်္ခါရတရားကို 'အနိစ္စ' လို့ ရှုတာသာ ဖြစ်နိုင် တယ်, သင်္ခါရတရားကို 'နိစ္စ' လို့ ရှုတယ်ဆိုတာ မဖြစ် နိုင်ဘူး။ သောတာပန်ပုဂ္ဂိုလ်ဟာ သင်္ခါရတရားမှန်သမျှ 'အနိစ္စ' လို့ပဲမြင်တယ်၊ 'နိစ္စ' လို့ မြင်တယ်ဆိုတာ မဖြစ် နိုင်ဘူးတဲ့။ ပုထုဇဉ်ပုဂ္ဂိုလ်တစ်ယောက်က သင်္ခါရ တရားကို 'မြဲတယ်' လို့မြင်တာ ဖြစ်နိုင်တယ်တဲ့၊ ဒါတစ်ခု။

သောတာပန်ပုဂ္ဂိုလ်အနေနဲ့ သင်္ခါရတရားကို 'သုခ' လို့ မြင်တာဟာ မဖြစ်နိုင်ဘူးတဲ့၊ 'ဒုက္ခ' လို့ မြင်တာသာ ဖြစ်နိုင်တယ်။ ပုထုဇဉ်ပုဂ္ဂိုလ်တစ်ယောက် အနေနဲ့က တော့ သင်္ခါရတရားကို 'သုခ' လို့ မြင်တာ ဖြစ်နိုင်တယ် တဲ့။ ဒါလည်း ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာတစ်ခု။

နောက်တစ်ခါ သောတာပန်ပုဂ္ဂိုလ် တစ်ယောက် အနေနဲ့ သဘာဝတရားတွေကို 'အတ္တ' လို့ မြင်တာဟာ မဖြစ်နိုင်ဘူး၊ ပုထုဇဉ်တစ်ယောက်အနေနဲ့ သဘာဝ

http://www.dhammadownload.com



တရားတွေကို 'အတ္တ' လို့ ယူဆတာ၊ တွေးခေါ်တာ ဖြစ်နိုင်တယ်တဲ့၊ ဒါကတစ်ခု။

ဒါတွေကို သိလိုက်လို့ရှိရင် သောတာပန်ပုဂ္ဂိုလ်ဟာ ဘယ်လောက်ထိအောင် အသိဉာဏ်ဘက်က ခိုင်မာသွားတယ်ဆိုတာ ဘုန်းကြီးတို့ ထင်ထင်ရှားရှား သိနိုင်သွားတာပေ့ါ။ ပုထုဇဉ်ပုဂ္ဂိုလ်တွေက အသိဉာဏ်နဲ့ ပတ်သက်ပြီးတော့ ခိုင်မာမှု မရှိကြဘူးတဲ့။

နောက်တစ်ခုက သောတာပန်ပုဂ္ဂိုလ်တစ်ယောက်က အမိကိုသတ်တယ် ဆိုတဲ့ **မာတုဃာတကကံ** ကျူးလွန်တာ မဖြစ်နိုင်ဘူးတဲ့၊ ပုထုဇဉ် တစ်ယောက်ကသာ **မာတုဃာတက**– အမိကို သတ်တယ်ဆိုတဲ့ကံ ကျူးလွန်တာ ဖြစ်နိုင်တယ်တဲ့။

တစ်ဖန် သောတာပန်ပုဂ္ဂိုလ်တစ်ယောက်က အဖကိုသတ်တဲ့ **ပိတုဃာတကကံ** ကျူးလွန်တာ မဖြစ်နိုင်ဘူးတဲ့၊ ပုထုဇဉ်တစ်ယောက်ကသာ အဖကိုသတ်တဲ့ **ပိတုဃာတကကံ** ကျူးလွန်တယ်ဆိုတာ ဖြစ်နိုင်တယ်တဲ့။

http://www.dhammadownload.com



နောက်တစ်ဖန် သောတာပန်ဖြစ်ပြီးသား ပုဂ္ဂိုလ်တစ်ယောက်က ရဟန္တာပုဂ္ဂိုလ်ကို သတ်တယ်ဆိုတဲ့ **အရဟန္တဃာတကကံ** ကျူးလွန်တာ မဖြစ်နိုင်ဘူးတဲ့၊ ပုထုဇဉ်တစ်ယောက်ကသာ **အရဟန္တဃာတကကံ** - ရဟန္တာကိုသတ်တယ်ဆိုတဲ့ကံ ကျူးလွန်တာ ဖြစ်နိုင်တယ်တဲ့။

သောတာပန်ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ ဖြစ်မှားလိုတဲ့စိတ်နဲ့ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်လုပ်တယ်, ဘုရားကို ထိခိုက်ဒဏ်ရာရအောင်လုပ်တယ်ဆိုတာ မဖြစ်နိုင်ဘူးတဲ့၊ ပုထုဇဉ်တစ်ယောက် အနေနဲ့ကတော့ ဖြစ်နိုင်တယ်တဲ့။

တစ်ဖန် သောတာပန်ပုဂ္ဂိုလ်တစ်ယောက် အနေနဲ့ သံဃာသင်းခွဲတယ်ဆိုတာ မဖြစ်နိုင်ဘူးတဲ့၊ ပုထုဇဉ် တစ်ယောက်အနေနဲ့က သံဃာသင်းခွဲမှုဆိုတာ ဖြစ်နိုင်တယ်တဲ့။ ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာလေးတွေကို မြတ်စွာဘုရားက ရှင်းပြီးတော့ ဒီလိုဟောထားတယ်။

http://www.dhammadownload.com



နောက်တစ်ဖန် သောတာပန်ပုဂ္ဂိုလ်တစ်ယောက်ဟာ ဘဝသံသရာမှာ ၈-ဘဝမြောက်အထိ နေတယ်ဆိုတာ မဖြစ်နိုင်ဘူးတဲ့၊ သောတာပန်ဟာ ၇-ဘဝဆိုတာ အလွန်ဆုံးပဲတဲ့၊ ၈-ခုမြောက်ဘဝ ဘယ်တော့မှ သန္ဓေမတည်တော့ဘူး။ ပရိတ်ကြီးထဲမှာလည်း ပါတယ် မဟုတ်လား၊ **"န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ"** တဲ့။ ရတနသုတ်မှာ ပါတယ်။ သောတာပန် ပုဂ္ဂိုလ်တစ်ယောက်ဟာ သံသရာထဲမှာဘယ်လောက်ပဲ ပမာဒတရားရဲ့ လွှမ်းမိုးမှုကို ခံနေရပါစေ, သံသရာထဲမှာ ၈-ခုမြောက်ဘဝမှာ သန္ဓေတည်တယ်ဆိုတာ မရှိဘူးတဲ့။ ဒါ့ကြောင့် သောတာပန်ပုဂ္ဂိုလ်တစ်ယောက် အနေနဲ့ ၈-ခု မြောက်ဘဝကို ရယူတယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊ ပုထုဇဉ်တစ်ယောက်အနေနဲ့ ၈-ခုမြောက် ဘဝဆိုတာ ဖြစ်နိုင်တယ်လို့ ဒီလို ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာတွေကို မြတ်စွာဘုရား ဟောကြားထားတာ ဖြစ်ပါတယ်။

http://www.dhammadownload.com



ဒါကြောင့်မို့ တရားချစ်ခင်သူတော်စင်ပရိသတ် အပေါင်းတို့သည် သံသရာမှာ အလွန့်အလွန် အရေးပါလှတဲ့ ဝိပဿနာဉာဏ်နဲ့ ပတ်သက်ပြီးတော့ သင်္ခါရတရားတွေကို **အနိစ္စ**, သင်္ခါရတရားတွေကို **ဒုက္ခ**, သဘာဝတရားမှန်သမျှ **အနတ္တ** လို့ အခိုင်အမာ ရှုနိုင်တာဟာ သောတာပန်ပုဂ္ဂိုလ်ဖြစ်သွားမှ အခိုင်အမာဖြစ်တယ်၊ သောတာပန် မဖြစ်သေးသမျှ "တို့ ဒီဘဝမှာ သင်္ခါရတရားမှန်သမျှ မမြဲဘူး" လို့ သိနေပေမယ့်လို့ တခြားဘဝ ရောက်သွားတဲ့အခါ ဒီအသိဟာ ခိုင်မြဲမှာ မဟုတ်ဘူး။ ဒါကြောင့်မို့ ဒီဘဝမှာပဲ ခိုင်မြဲအောင်လုပ်ဖို့ လိုအပ်တယ်" လို့ ဒီလို အသိတရားဝင်ရမယ်။

သောတာပန် မဖြစ်သေးလို့ရှိရင် ကျွတ်တန်းဝင်လောက်တဲ့ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တောင်မှပဲ အင်မတန်မှ ကြီးလေးတဲ့ ပြစ်မှုကြီးတွေကို ကျူးလွန်မိတတ်သေးတယ်။ အင်မတန်ကြီးလေးတဲ့ပြစ်မှုဆိုတာ **အာနန္တရိယကံ**– သေသည်၏အခြားမဲ့မှာ လုံးဝ အကျိုးပေးမယ့်ကံ၊ မြန်မာစာမှာ '**ပဉ္စာနန္တရိယ**' လို့ ပြောတယ်၊

http://www.dhammadownload.com



'ပဉ္စ' ဆိုတာ ၅-မျိုး၊ 'အာနန္တရိယ' ဆိုတာ သေသည်၏ အခြားမဲ့မှာ အကျိုးကို ထုတ်လုပ်မယ့် ကံ။

အဲဒါတွေက ဘာတုန်းဆိုတော့ **မာတုဃာတက-** အမိကိုသတ်ခြင်း၊ **ပိတုဃာတက-** အဖကိုသတ်ခြင်း၊ **အရဟန္တဃာတက-** ရဟန္တာကိုသတ်ခြင်း၊ **လောဟိတုပ္ပါဒက-** မြတ်စွာဘုရားကို ဒဏ်ရာရစေ၍ သွေးစိမ်းတည်အောင်လုပ်ခြင်း၊ **သံဃဘေဒက-** သံဃာသင်းခွဲခြင်းလို့ ဆိုတဲ့ ဒီကံ ၅-မျိုးဟာ အကုသိုလ်ကံတွေထဲမှာ အပြစ်အကြီးဆုံးကံတွေလို့ ဒီလို သတ်မှတ်ထားတယ်ပေါ့။ ဒီထဲမှာ တစ်ခုထပ်ထည့်လိုက်လို့ရှိရင် **နိယတမိစ္ဆာဒိဋ္ဌိ** ကံကလည်း အပြစ်ကြီးတဲ့ ကံတစ်မျိုးပဲ။

သောတာပန်ဖြစ်သွားလို့ရှိရင် ဒီလောက် ကြီးလေးတဲ့ ပြစ်မှုကြီးကို မကျူးလွန်တော့ဘူးတဲ့။ ပုထုဇဉ်ဖြစ်နေသေးလို့ရှိရင် ဒီဘဝမှာ သူတော်ကောင်း ဖြစ်ပေမယ့်လည်း နောင်ဘဝကျရင်တော့ ပတ်ဝန်းကျင်ကို မကျော်လွှားနိုင်သည့်အတွက်ကြောင့် ဒီ **အာနန္တရိယကံ-** ကြီးလေးတဲ့ ကံကြီးတွေကို ကျူးလွန်မိကောင်း

http://www.dhammadownload.com



ကျူးလွန်နိုင်လိမ့်ဦးမယ်တဲ့။ ပုထုဇဉ်ဘဝဆိုတာ အင်မတန်မှ အပြစ်ကြီးတယ်။

**အဇာတသတ်မင်း**

ကြည့်လေ- ဗိမ္ဗိသာရမင်းကြီးရဲ့ သားတော် အဇာတသတ်မင်း၊ အဇာတသတ်မင်းဟာ တိဟိတ် ပဋိသန္ဓေနေလာတာ။ အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တယ်။ သို့သော် ပါပမိတ္တလို့ခေါ်တဲ့ မကောင်းတဲ့ မိတ်ဆွေ- ဒေဝဒတ်တို့လို မကောင်းတဲ့ အတွေးတွေ တွေးပြီး, မကောင်းတဲ့အပြောတွေပြော, မကောင်းတဲ့ အလုပ်ကို လုပ်တတ်တဲ့ပုဂ္ဂိုလ်ကို ဆရာတင်မိတဲ့အခါ ဘာဖြစ်သွားတုန်း၊ **ပိတုဃာတကကံ**- အဖသတ်တဲ့ ကြီးလေးတဲ့ ပြစ်မှုကြီးတစ်ခုကို ကျူးလွန်မိတယ်။ ကျူးလွန်မိသည့်အတွက်ကြောင့် သန္ဓေက ဉာဏ်ပါလာလို့ တိဟိတ်ပုဂ္ဂိုလ် ဖြစ်လင့်ကစား တရားထူးကိုရနိုင်တဲ့ အခြေအနေကောင်းက ပျက်စီးသွားတယ်။ ဘယ်သူက ဖျက်ဆီးပစ်လိုက်သလဲဆိုရင် သူကျူးလွန်လိုက်တဲ့

http://www.dhammadownload.com



ကံက ဖျက်ဆီးပစ်လိုက်တယ်။ ရဟန်းဘဝရဲ့ လက်တွေ့အကျိုးကို ဖော်ပြတဲ့ သာမညဖလသုတ်ကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရှင်းလင်းဟောကြားတဲ့အခါ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး အသိဉာဏ်တွေ ပွင့်လင်းသွားပေမယ့်လို့ သောတာပန်အဖြစ်ရောက်မသွားဘူး။

မြတ်စွာဘုရားကိုယ်တိုင်က အဇာတသတ်မင်းကြီး ထိုနေ့ညက တရားနာပြီး တရားပွဲက ထပြန်သွားတာနဲ့တစ်ပြိုင်နက် ရဟန်းတွေကို အမိန့်ရှိတာက "ဒီမင်းဟာ ကိုယ့်ကိုယ်ကို ဖျက်ဆီးလိုက်တာပဲ၊ အကယ်၍သာ သူ့အဖေကိုသတ်ခြင်းလို့ဆိုတဲ့ ပိတုဃာတကကံကို မကျူးလွန်ခဲ့ဘူးဆိုရင် ဒီကနေ့ည သူသောတာပန်ဖြစ်ရမှာ" တဲ့။

ဒါကြောင့် တရားနာပေမယ့်လို့ တရားထူး တရားမြတ် မရနိုင်တဲ့ ပုဂ္ဂိုလ်တွေထဲမှာ ဟောဒီ အာနန္တရိယကံ ၅ -မျိုးကို ကျူးလွန်ထားပြီဆိုလို့ရှိရင် တရားထူး တရားမြတ် မရနိုင်တော့ဘူး။ အခြေအနေကောင်းတစ်ခုဟာ

http://www.dhammadownload.com



ကိုယ့်ရဲ့လုပ်ရပ်ကြောင့် ပျက်စီးသွားတယ်။ မွေးရာပါ မဟုတ်ဘူး၊ မှားယွင်းချွတ်ချော်မှုကြောင့် ပျက်စီးသွားတယ်။

ဒါကြောင့် သောတာပန်မဖြစ်သေးလို့ရှိရင် ကိုယ့်ကိုယ်ကို အထင်ကြီးလို့မရဘူး။ ဒီဘဝ သူတော်ကောင်း၊ နောက်ဘဝကျတော့ သူယုတ်မာ ဖြစ်ချင်ဖြစ်မယ်။ ဘယ်လိုမှပြောလို့မရဘူး၊ ဘုရား အလောင်းတော်ကြီးတွေတောင်မှပဲ မှားယွင်းမှုတွေ အများကြီးရှိတယ်။

## ဇောတိပါလပုဏ္ဏား

ကဿပမြတ်စွာဘုရား လက်ထက်မှာ ဂေါတမဘုရားအလောင်းဟာ ဇောတိပါလ ဆိုတဲ့ ပုဏ္ဏားဖြစ်တယ်။ မြန်မာပြည်က ပုဏ္ဏားလို့ခေါ်တာ၊ တကယ်က ဗြာဟ္မဏ။ အဲဒီဗြာဟ္မဏတွေဟာ ပညာတတ်တွေဆိုတော့ သူတို့ကိုယ်သူတို့ သိပ်အထင်ကြီးတယ်၊ မာနကြီးတယ်၊ ဘယ်သူ့ကိုမှ ဦးညွှတ်ခြင်း၊ လေးစားခြင်း မရှိဘူး။

http://www.dhammadownload.com



သို့သော် သူ့မှာ အင်မတန်ရင်းနှီးတဲ့ သူငယ်ချင်း တစ်ယောက်ရှိတယ်။ အဲဒီလူက အိုးလုပ်ငန်း လုပ်စားတယ်။ ဃဋိကာရဆိုတဲ့ အိုးထိန်းသည်ကြီး။ အဲဒီ ဃဋိကာရဆိုတဲ့ အိုးထိန်းသည်ဟာ မြတ်စွာဘုရားနဲ့ အလွန့်ကိုရင်းနှီးတဲ့ မိတ်ဆွေကြီး။ ကဿပ မြတ်စွာဘုရားနဲ့ ဘယ်လောက် ရင်းနှီးသလဲဆိုရင် အဲဒီ ဃဋိကာရ အိုးထိန်းသည်ကြီးက သူ့အိမ်မှာ ထမင်းဟင်းတွေ ချက်ထားတယ်၊ ချက်ပြီး သူဘာလုပ်တုန်းဆိုရင် ပုစွန်လုံးတွင်းတွေက ကျစ်စာမြေကြီးတွေကို လိုက်ရှာစုဆောင်းပြီး အိုးဖုတ်တယ်၊ အဲဒီအိုးတွေကို အသင့်ချထားတယ်။ လိုချင်တဲ့လူက လာယူ, ဆန်ကလေး၊ ပဲကလေး ပေးသွားတယ်။ အဲဒီရတဲ့ ဆန်လေး ပဲလေးတွေနဲ့ မျက်စိနှစ်ကွင်းအလင်းမရတဲ့ မိဘနှစ်ပါးကို ပြုစုနေတာ၊ သူကိုယ်တိုင်က အနာဂါမ်ကြီးတဲ့။

တစ်နေ့ကျတော့ ကဿပမြတ်စွာဘုရားက အိမ်ကြွလာတယ်။ ဃဋိကာရ အိုးထိန်းသည်ကြီးက မြေသွားရှာနေတဲ့အချိန်၊ မြေသွားတူးနေတဲ့အချိန်၊ အိမ်မှာ

http://www.dhammadownload.com



မျက်မမြင် အဖေနဲ့အမေ ဒီနှစ်ယောက်ပဲရှိတယ်။ ဘုရားက ရောက်လာပြီးတော့ သူ့ကို ခေါ်တယ်၊ "ဟေ့-ဒီအိမ်က ဘဂ္ဂဝ ဆိုတာ ဘယ်သွားလဲ" တဲ့။ 'ဘဂ္ဂဝ' ဆိုတာ အန္တယ်နာမည်နဲ့ခေါ်တာ။ "ဘဂ္ဂဝ ဘယ်သွားတုန်း" ဆိုတော့ မိအိုဖအိုတွေက "အရှင်ဘုရားဒကာ မရှိဘူးဘုရား၊ မြေသွားယူနေတယ်။ အရှင်ဘုရားအတွက် ဆွမ်းတွေဟင်းတွေ ထားခဲ့တယ်၊ အရှင်ဘုရားဘာသာ ယူသွားပါ" လို့ ဆိုတယ်။ ကဿပဘုရားက အိမ်ပေါ်တက်ပြီးတော့ အိုးခွက်တွေ လှန်လှော်ပြီး သပိတ်ထဲထည့်ပြီး ရှိတာတွေအကုန် ဘုဉ်းပေးသွားသတဲ့။

ယင်္ဒိကာရ အိုးထိန်းသည်ကြီး ပြန်လာတဲ့အခါ ကြည့်လိုက်တော့ ထမင်းတွေ ဟင်းတွေ မရှိတော့ဘူး၊ "ဘယ်သူ စားသွားတုန်း" ဆိုတော့ "မင်းရဲ့သူငယ်ချင်း ကဿပဘုရား ကြွလာပြီးတော့ ဘုဉ်းပေးသွားလေရဲ့" ဆိုတော့ ယင်္ဒိကာရကြီးက ဝမ်းသာလိုက်တာတဲ့၊ ဝမ်းသာကြည်နူးပြီးတော့ ၇-ရက်တိတိ ထမင်းမစားဘူး၊

http://www.dhammadownload.com



အမေ အဖေလည်းပဲ ၇-ရက်တိတိ ထမင်းမစားဘဲနဲ့ ဝမ်းသာနေတာ၊ ဒီလိုအဖြစ်အပျက်မျိုးတွေ တွေ့ကြုံ လောက်အောင် အင်မတန်မှ ရင်းနှီးတဲ့ပုဂ္ဂိုလ်ပေါ့။ ဃဋိကာရဟာ ဇောတိပါလဆိုတဲ့ ဘုရားအလောင်းရဲ့ သူငယ်ချင်းပဲ။ ဇောတိပါလက ဘုရားအလောင်း ဖြစ်ပေမယ့်လို့ ကဿပဘုရားကို အထင်ကြီးခြင်း, ကြည်ညိုလေးစားခြင်း မရှိဘူး။

တစ်နေ့ကျတော့ ဃဋိကာရက ဇောတိပါလကို ခေါ်တယ်၊ "သူငယ်ချင်း - ဘုရားကျောင်းတော်က ဒီနားတင်ပဲ သွားရအောင်" ဆိုတော့ ဘာပြောတုန်း ဆိုတော့ "ဒီ ခေါင်းတုံးယုတ်တွေဆီ ဘာလို့သွားမှာ တုန်း" တဲ့။ သူပြောတဲ့စကားလုံးက "မုဏ္ဍက" တဲ့။ မုဏ္ဍက ဆိုတာ မြန်မာလိုပြန်ရင် ခေါင်းတုံးယုတ်ပဲ။ "ဘာလို့သွားမှာတုန်း, မသွားချင်ဘူး" လို့ ငြင်းပယ် တယ်။

ဒါနဲ့ ဃဋိကာရက "ဘုရားကျောင်း မသွားချင်ရင် တို့ ရေချိုးသွားရအောင်" ဆိုတော့ လိုက်သွားတယ်။

http://www.dhammadownload.com



ရေချိုးပြီးတော့ ထပ်ပြီးတော့ ခေါ်ပြန်တယ်။ "သူငယ်ချင်း-ဘုရားကျောင်းသွားရအောင်၊ ဒီနားလေးပဲ နီးနီးလေး" ဆိုတော့လည်း ခေါ်လို့မရဘူး။ မရတဲ့အခါကျတော့ ပုဆိုးစဆွဲပြီးတော့ခေါ်တယ်၊ ခေါ်တဲ့အခါကျတော့ ရုန်းပြီးတော့ မလိုက်ဘူးပဲ ငြင်းတယ်။ ဃဋိကာရအိုးထိန်းသည်က အင်မတန်မှ ခွန်အားဗလကောင်းတယ်၊ မလိုက်လိုက်အောင် ခေါ်တော့မယ်လို့ သူကဆုံးဖြတ်ပြီး အဲဒီ ဇောတိပါလရဲ့သျှောင်ကို ဆွဲကိုင်တယ်၊ "သူငယ်ချင်း၊ ဘုရားကျောင်းက ဒီနား နီးနီးလေးရယ် သွားရအောင်" လို့ ထပ်ခေါ်တယ်၊ ဆံပင်ဆွဲခေါ်တော့မယ့်ပုံပေါ့၊ ဆံပင်ကိုကိုင်တာ။

ဘုရားအလောင်းဆိုတာ စိတ်ကောင်းတော့ အင်မတန်ရှိတယ်။ "ဃဋိကာရလို အောက်တန်းကျတဲ့လူက ငါ့ရဲ့ မွန်မြတ်တဲ့ဆံပင်ကို ကိုင်တယ်ဆိုတာ ဒီကဿပ ဘုရားနဲ့တွေ့ဖို့ အလွန် အရေးကြီးလို့ဖြစ်ကောင်းဖြစ်လိမ့်မယ်"၊ "သူငယ်ချင်း၊ ငါ့ဆံပင် မကိုင်နဲ့၊ လွှတ်လိုက်၊ ငါ ဘုရားကျောင်း လိုက်ခဲ့မယ်" တဲ့၊

http://www.dhammadownload.com



ဒါ စိတ်ကောင်းရှိလို့ပေါ့။ မရှိလို့ရှိရင် အဲဒီနားတင် ရန်ဖြစ်မှာပေါ့။

ဒါနဲ့ ကဿပမြတ်စွာဘုရားထံ လိုက်သွားတယ်၊ ဟိုလည်းရောက်ရော ကဿပဘုရားက တရားဟော တယ်၊ တရားနာလည်းပြီးရော တရားပွဲက ထ,လာပြီး ကျောင်းတော်က ဆင်းလာတဲ့အခါ ဇောတိပါလ လုလင်က ဃဋိကာရကို ပြောတယ်၊ "သူငယ်ချင်း၊ မင်း ဒီတရားတွေ နာနေပြီးတော့ ဘာလို့ ဘုန်းကြီး မဝတ်တာ လဲ" ဆိုတော့ ဃဋိကာရအိုးထိန်းသည်ကပြောတယ်၊ "မင်းမြင်တဲ့အတိုင်းပဲ၊ ငါ့မှာက မိဘနှစ်ပါးကို ပြုစုနေရ တာ၊ ဘယ်မှာ သင်္ကန်းဝတ်လို့ရမှာလဲ" ဆိုတော့ ဇောတိပါလက "ဒီလိုတရားမျိုး နာရမှတော့ ငါ လူ့ ဘဝမှာ မနေတော့ဘူး၊ သင်္ကန်းဝတ်တော့မယ်" ဆိုပြီး ချက်ချင်းသင်္ကန်းဝတ်သွားတယ်။

ဘုရားအလောင်းတွေက အယူဝါဒတစ်ခု လက်ခံ ပြီဆိုရင် ချက်ချင်းလက်ခံတယ်။ ဒါ့ကြောင့် ကဿပ ဘုရားထံမှာသင်္ကန်းဝတ်သွားတယ်တဲ့။ ပြောချင်တာက

http://www.dhammadownload.com



ဘာတုန်းဆိုတော့ ဘုရားအလောင်းပင် ဖြစ်စေကာမူ ဘုရားနဲ့တွေ့ပေမယ့်လို့ ကြည်ညိုချင်မှ ကြည်ညိုတာ၊ ဘာဖြစ်လို့ ဒီလိုဖြစ်ရတာတုန်းဆိုတော့ ဗြာဟ္မဏဆိုတဲ့ အသိုင်းအဝိုင်းမှာ လူဖြစ်သည့်အတွက်ကြောင့် သူတို့ ကိုယ်သူတို့ အလွန်မာနကြီးပြီး ဘုရားကို ကြည်ညို လေးစားမှု သဒ္ဓါစိတ် ပျောက်သွားတယ်။

ဒါကြောင့် ဘုန်းကြီးတို့တစ်တွေဟာ သောတာပန် မဖြစ်သေးသမျှ ကာလပတ်လုံး ကိုယ့်ကိုယ်ကို အထင် ကြီးစရာအကြောင်း မရှိဘူးတဲ့။ နောင် ဘဝတစ်ခု ရောက်သွားတဲ့အခါ ပတ်ဝန်းကျင်ကို မလွန်ဆန်နိုင် သည့်အတွက်ကြောင့် ဒီဘဝ ဗုဒ္ဓဘာသာ ဖြစ်ပေမယ့် နောင်ဘဝမှာ ဗုဒ္ဓဘာသာဖြစ်ချင်မှဖြစ်မယ်။ ဒါကြောင့် ကိုယ့်ရဲ့အသိဉာဏ်ကို ခိုင်မာအောင် ကြိုးစားသင့် တယ်။

"ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာ" ဆိုတဲ့ ဒီတရားကို နာပြီးတော့ "တို့တတွေဟာ ဒိဋ္ဌိသမ္ပန္န–မှန်ကန်တဲ့ အမြင် ရှိတဲ့ သောတာပန် ပုဂ္ဂိုလ်မျိုးဖြစ်အောင် လုပ်ထားမှ

http://www.dhammadownload.com



သင်္ခါရတရားတွေ အပေါ်မှာ 'အနိစ္စအမြင်' ဟာ ခိုင်မာမှာ ဖြစ်တယ်။ 'ဒုက္ခ ဆိုတဲ့အမြင်' ဟာ ခိုင်မာမှာ ဖြစ်တယ်။ သဘာဝတရား မှန်သမျှ 'အနတ္တဆိုတဲ့ အမြင်' ဟာလည်း ခိုင်မာမှာဖြစ်တယ်။

သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် ဆိုတဲ့ ဒီအသိဉာဏ်မျိုးကို မရသေးသမျှ တို့တတွေဟာ အင်မတန်ကြီးလေးတဲ့ ပြစ်မှုကြီးတွေကိုလည်း ကျူးလွန်မိကောင်း ကျူးလွန်မိကြလိမ့်မယ်။ ပုထုဇဉ်ဘဝဟာ အလွန်တရာ အပြစ်ကြီးလှပါလား" လို့ ကိုယ်စီ ကိုယ်စီ သဘောကျပြီးတော့ ပုထုဇဉ်ဘဝကို လွန်မြောက်ပြီး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် စတဲ့ ထူးခြားတဲ့ အရိယာပုဂ္ဂိုလ်ဖြစ်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

http://www.dhammadownload.com

# မေ္တာမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များက ရေးကူးကာ စာမူများကို ဆရာတော်ကြီးထံပေးပို့ကြပါသည်။ ဆရာတော်ကြီး ကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော မေ္တာစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် မေ္တာဒါနပြုလုပ် ဖြန့်ဝေလှူဒါန်း လိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

http://www.dhammadownload.com

# ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း ၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊
မြေအောက်ထပ်။
ဖုန်း ၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ မွေဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာမွေစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

http://www.dhammadownload.com

# အရှင်နန္ဒမာလာဘိဝံသ

## ၏

## ထုတ်ဝေပြီး ဓမ္မစာအုပ်များ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ

၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်

၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း

၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း

၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား

၆။ ဘဝအရေး စိတ်အေးရလေအောင်

၇။ ဓမ္မကြေးမုံ

၈။ တောင်ပို့ထဲက ရတနာ

၉။ မြတ်သောဥစ္စာ စုဆောင်းပါ

၁၀။ သမထနှင့် ဝိပဿနာ

၁၁။ ရောဂါကုစား စိတ်စွမ်းအား

၁၂။ ရှစ်ယောက်နှင့်တစ်ယောက်

၁၃။ မိတ်ကောင်းဆွေကောင်း

၁၄။ မေတ္တာနှလုံး အစဉ်သုံး

၁၅။ လူဖြစ်ကျိုးနပ်ပါစေ

၁၆။ မေတ္တာသုတ်အနှစ်ချုပ်

http://www.dhammadownload.com

၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်
၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာအသင်းသူ/သားများ၏ အမေးကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ

http://www.dhammadownload.com

# ဓမ္မစာပေဖြန့်ပွားရေး
# ထာဝရပဒေသာပင် အလှူရှင်များ

၁။ အနန္တငါးပါးနှင့် ကျေးဇူးရှင် အပြည့်ပြည့်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တနန္ဒမာလာဘိဝံသ(Ph.D)တို့ကို ဦးထိပ်ထားလျက် ဘိုးဘွားမိဘဆွေမျိုးများနှင့် ဦးတင်စိုးတို့ကို ရည်စူး၍ ဒေါ်လှခင်မိသားစု။ (ကိုကျော်သင်းဆေးဆိုင်)မင်္ဂလာဈေး။ ၁၀၀,၀၀,၀၀၀

၂။ ဦးအုန်းကျော်+ဒေါ်ခင်မမ ၅၀,၀၀,၀၀၀
သား မောင်မြတ်မင်းထင်ကျော်၊
မောင်ရဲမင်းသွင်ကျော်
သမီး မကြည်လဲ့ရွှန်းကျော် မိသားစု။

၃။ ဒေါက်တာမြမြဝင်း ဒေါက်တာဆန်းဆန်းဝေ ၇,၀၀,၀၀၀
အမှတ် ၁၁၃(ဘီ)၊ မြေညီ၊ လမ်း(၂၀)၊ လသာ။

၄။ ဦးမြင့်သန်း+ဒေါ်ခင်မမ ၅,၀၀,၀၀၀
ရှမ်းဝမာပွဲရုံ၊ မန္တလေးမြို့။

၅။ ဦးခင်ရွှေ+ဒေါ်မလှိုင် မိသားစု။ ၃,၀၀,၀၀၀

၆။ Singapore မှ အလှူရှင်များ ၃,၀၀,၀၀၀

၇။ ဦးချစ်မွေး+ဒေါ်မြင့်မြင့်ရီ ၃,၀၀,၀၀၀
သား မောင်ဝေလှုံဦး။
သမီး မမေမြတ်သူခိုင် မိသားစု

http://www.dhammadownload.com

| | | |
|---|---|---|
| ၈။ | ဦးသောင်းငွေ+ဒေါ်ခင်စောဝင်း မိသားစု<br>သား-မင်းသောင်းခန့်၊ ကျော်ညီညီခန့်။ (၇)မိုင်ခွဲ | ၃,၀၀,၀၀၀ |
| ၉။ | ဦးညီညီ+ဒေါ်မြင့်မြင့်ခင် မိသားစု၊ အလုံ | ၂,၀၀,၀၀၀ |
| ၁၀။ | မိဘများအား ရည်စူး၍<br>ဦးမြင့်အောင်+ဒေါ်သန်းသန်းဝင်း။<br>သား ကိုသူရိန်အောင်၊ သမီး ဆုမွန်ချမ်းအောင်<br>မိသားစု။ ဒိုက်ဦး | ၂,၀၀,၀၀၀ |
| ၁၁။ | ဘိုးဘွားမိဘများနှင့် ဦးကြည်လွင်အား ရည်စူး၍<br>ဒေါ်စောတင်အေး မိသားစုကောင်းမှု။<br>တိုက် ၁၅၊ အခန်း ၄၀၁၊ အောင်သပြေလမ်း<br>ယုဇနပလာဇာအနောက်၊ မင်္ဂလာတောင်ညွန့်။ | ၂,၀၀,၀၀၀ |
| ၁၂။ | ဦးစံသာ+ဒေါ်မေဦးခင်၊ သမီး - စံသာရတနာ<br>သား - မောင်စံသာသုခ မိသားစု။ | ၁,၅၀,၀၀၀ |
| ၁၃။ | ဒေါ်စန်းကြည်၊ တူမ မနနယည်၊ တူ မောင်အောင်ဖုန်း | ၁,၁၁,၀၀၀ |
| ၁၄။ | ရွှေပြည်ဟိန်းဆရာတော်၏မယ်တော်ကြီး ဒေါ်အမာ။ | ၁,၀၀,၀၀၀ |
| ၁၅။ | ဦးမြဟန်+ဒေါ်သီတာစိ မိသားစု။ | ၁,၀၀,၀၀၀ |
| ၁၆။ | ကိုကျော်ဆန်းလွင်+ဒေါ်မြင့်မြင့်<br>သမီး မမြပန်းအေး၊ မပွင့်ပွင့်ဟန် | ၁,၀၀,၀၀၀ |
| ၁၇။ | ဦးအောင်+ဒေါ်လှစိန်<br>အောင်သပြေ ငါးခြောက်ရောင်းဝယ်ရေး မုံရွာမြို့။ | ၁,၀၀,၀၀၀ |

http://www.dhammadownload.com

| | | |
|---|---|---|
| ၁၈။ | ဦးဝင်းမြင့်+ဒေါ်ခင်မေဝင်း<br>နေ-လ ဆေးဆိုင်၊ အလယ်ရပ်၊ မုံရွာမြို့။ | ၁,၀၀,၀၀၀ |
| ၁၉။ | ဖခင်ကြီးဦးသိန်းကြည်အား ရည်စူး၍၊ မိခင်ကြီး<br>ဒေါ်သန်းကြည်အား အမှူးထားလျက်<br>ဒေါ်မြသိန်းနှင့် မောင်နှမတစ်စု(ရန်ကုန်) | ၁,၀၀,၀၀၀ |
| ၂၀။ | ဦးရဲမြင့်+ဒေါ်သန်းသန်းနွယ် မိသားစု<br>ကမာရွတ်မြို့နယ်။ | ၁,၀၀,၀၀၀ |
| ၂၁။ | ရွှေတောင်ဦးမှော်-ဆရာတော်(စစ်ကိုင်း) | ၁,၀၀,၀၀၀ |
| ၂၂။ | ဦးကျော်မြင့်အား ရည်စူး၍<br>ဒေါ်သိန်းသိန်းမြင့် မိသားစု၊ ကျောက်မြောင်း။ | ၁,၀၀,၀၀၀ |
| ၂၃။ | ဦးခင်မောင်လွင်+ဒေါ်ခင်ပြုံး မိသားစု | ၁,၀၀,၀၀၀ |
| ၂၄။ | မိဘများနှင့် ဦးငွေသိန်းတို့ကို ရည်စူး၍<br>ဒေါ်ရှုယ်လီ၊ သား ကိုရန်နိုင်ဗိုလ်+မခိုင်ရီမွန်<br>မိသားစု။ ဒိုက်ဦး | ၁,၀၀,၀၀၀ |
| ၂၅။ | ဦးဝင်းထွန်းသိန်း+ဒေါ်ကြူကြူသင်း<br>သမီး မေပွားခင်၊ စုရတီ မိသားစု၊ ဝါးတန်းလမ်း။ | ၁,၀၀,၀၀၀ |
| ၂၆။ | ဒေါ်ညိုညိုလွင်၊ ဒေါ်ခင်လှတင် | ၁,၀၀,၀၀၀ |
| ၂၇။ | ဦးသင်းအောင်+ဒေါ်စန္ဒာဝင်းအောင်<br>သမီး-မပိုင်းပိုင်းပြည့်၊ သား-မောင်ထိန်လင်း | ၁,၀၀,၀၀၀ |

http://www.dhammadownload.com

| | | |
|---|---|---|
| ၂၈။ | ဦးဝင်းလွင်+ဒေါ်ဖြူဖြူဝင်း<br>သား-မောင်အောင်ထွန်းကျော်၊ မောင်ပြည့်ဖြိုးမင်း၊<br>သမီး-မခင်ငြိမ်းချမ်းဝင်း | ၁,၀၀,၀၀၀ |
| ၂၉။ | မိဘနှစ်ပါးအား ရည်စူး၍ သမီး ဒေါ်ညိုညို<br>၇၄၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်။ | ၅၀,၀၀၀ |
| ၃၀။ | မသန်းသန်းဝင်း၊ မမေသက်ဝေ၊ ရန်ကုန်။ | ၅၀,၀၀၀ |
| ၃၁။ | မိခင် ဒေါ်ခင်နှင်းရီအား ရည်စူး၍<br>ဦးသန်းလွင်နှင့်သမီး မခင်ခင်စု၊<br>နှင်းစာပေရတနာ မွေစာပေပြန့်ပွားရေး | ၅၀,၀၀၀ |
| ၃၂။ | ဦးတင်ထွန်း+ဒေါ်ခင်ခင်ဦး၊ သမီး မခင်ဖြူထွန်း၊<br>သား မောင်သိန်းထွန်းအောင် မိသားစု။ | ၅၀,၀၀၀ |
| ၃၃။ | ဒေါက်တာနွဲ့တင်ထွန်း နှင့် အဖွဲ့ | ၅၀,၀၀၀ |
| ၃၄။ | ဒေါက်တာဦးစိုးလွင်+ဒေါ်လှလှချော မိသားစု | ၅၀,၀၀၀ |
| ၃၅။ | ဦးမောင်မောင်လေး+ဒေါ်မြသန်းအား ရည်စူး၍<br>သားသမီးမြေးတစ်စုကောင်းမှု။ ၄၄-စမ်းချောင်းလမ်း | ၅၀,၀၀၀ |
| ၃၆။ | နှစ်ဖက်မိဘများအား အမှူးထား၍<br>(ဦးခင်ဝင်း)+ဒေါ်သီတာတင်၊ သမီး မချောနန္ဒာ၊<br>မမေဟိန်းထက်၊ သား-မောင်ကောင်းဆက်၊ စမ်းချောင်း။ | ၅၀,၀၀၀ |
| ၃၇။ | ဒေါ်ကြူကြူ(ဓမ္မပျူဟာ)မွေးနေ့အထိမ်းအမှတ်အလှူ။ | ၅၀,၀၀၀ |

http://www.dhammadownload.com

၃၈။ ခင်ပွန်း ဦးတင်အောင်နှင့် သမီးငယ် ၃၀,၀၀၀
မိမိအောင်တို့အား ရည်စူး၍ ဒေါ်တင်တင်ဝင်းမိသားစု။

၃၉။ ဦးမြင့်သိန်း+ဒေါ်ဆွေဆွေ၊ သမီး ဒေါက်တာသိရိရွှေစင်၊ ၃၀,၀၀၀
သား-မောင်ဖုန်းပြည့်အောင် မိသားစု။

၄၀။ မသူသူဇင်ဦး၊ ဒေါ်သက်ထား၊ မချိုချိုသိ ၃၀,၀၀၀

၄၁။ ဦးလှကြည်+ဒေါ်စောခိုင် မိသားစု ၃၀,၀၀၀

၄၂။ ဒေါ်ရွှေသန်း မိသားစု၊ လမ်းမတော်။ ၃၀,၀၀၀

၄၃။ ဦးမောင်လေး+ဒေါ်မြသန်းအား ရည်စူး၍ ၃၀,၀၀၀
သားသမီးမြေးတစ်စုကောင်းမှု။ ၄၄၊ စမ်းချောင်းလမ်း။

၄၄။ ဒေါ်သစ္စာဝတီ၊ စစ်ကိုင်း ၂၀,၀၀၀

၄၅။ မောင်ရဲမင်းဦး၊ မောင်ကျော်မြတ်နိုင်၊ မောင်သီဟ ၁၅,၀၀၀
သူငယ်ချင်းတစ်စု။

၄၆။ ကြီးဒေါ် ဒေါ်တင်အေး (၁၀ နှစ်ပြည့်)၊ မောင်လေး ၁၅,၀၀၀
မောင်ဝင်းအောင်(ခ)မောင်သန်းဝင်း(၁ နှစ်ပြည့်)အား
ရည်စူး၍။ ၁၉၊ ပုသိမ်လမ်း၊ စမ်းချောင်း။

၄၇။ ဖခင်ကြီး ဦးအောင်ဖေ (၂၃ နှစ်ပြည့်)၊ မိခင်ကြီး ၁၅,၀၀၀
ဒေါ်ခင်ထွေး(၈ နှစ်ပြည့်)အား ရည်စူး၍။
၁၉၊ ပုသိမ်လမ်း၊ စမ်းချောင်း။

၄၈။ ဒေါ်သန်းစိန်၊ ဒေါ်အေးအေးသန်း၊ ပြည်တော်သာလမ်း ၁၁,၀၀၀

၄၉။ ဒေါ်ရှုပန်း၊ ဒေါ်နေဇင်ဦး၊ ဒေါ်ကေသီဦး၊ ၁၀,၅၀၀
ဒေါ်နန်းကြည်ထွေး မိသားစု။

http://www.dhammadownload.com

| | | |
|---|---|---|
| ၅၀။ | ဒေါ်မွှေဒီနွှာ B.A.Student | ၁၀,၀၀၀ |
| ၅၁။ | ဦးကံညွန့်+ဒေါ်ခင်ကြည် မိသားစု(ရန်ကင်း) | ၁၀,၀၀၀ |
| ၅၂။ | မောင်မင်းမင်းသိုက်+မနှင်းခက်မော် မိသားစု | ၁၀,၀၀၀ |
| ၅၃။ | ဦးဝင်းဗေသန်း+ဒေါ်ခင်မြတ်နွယ်၊<br>သား-မောင်ဝေဖြိုးသန့် မိသားစု | ၁၀,၀၀၀ |
| ၅၄။ | မပို့ပို့ မိသားစု | ၁၀,၀၀၀ |
| ၅၅။ | ဒေါ်ညွန့်ညွန့်ရီ(တောင်သာ)(Level-III သင်တန်းသူ)<br>အပြည်ပြည်ဆိုင်ရာအဘိဓမ္မာတက္ကသိုလ်၊ ကမ္ဘာအေး | ၁၀,၀၀၀ |
| ၅၆။ | ကျေးဇူးရှင်များအား အမှူးထား၍ ဒေါ်သန္တာဝင်းအောင် | ၁၀,၀၀၀ |
| ၅၇။ | ဦးကျော်ကျော်+ဒေါ်ရှုရီ၊ သမီး-ပတ္တမြားအင်ကြင်း<br>မြောက်ဥက္ကလာ။ | ၁၀,၀၀၀ |
| ၅၈။ | တူမ ရွှေရည်လင်း အား ရည်စူး၍<br>ဦးသန်းဇော် ကောင်းမှု၊ မန္တလေး။ | ၁၀,၀၀၀ |
| ၅၉။ | မကြေးမုံမင်းထွဋ်၊ မောင်ရဲမာန်မင်းထွဋ် မောင်နှမ | ၅,၀၀၀ |
| ၆၀။ | ကိုကျော်မြင့်+ဒေါ်ခင်အေးခိုင် မိသားစု။ | ၅,၀၀၀ |
| ၆၁။ | မိဘများဖြစ်သော ဦးလှလှ+ဒေါ်ခင်သိန်းတို့ကိုရည်စူး၍<br>ဒုတိယဗိုလ်မှူးကြီးကိုကိုကြီး+ဒေါ်စီပယ်လှ မိသားစု။ | ၁,၀၀,၀၀၀ |
| ၆၂။ | ဦးအောင်မြင့်+ဒေါ်မြမြသိန်း မိသားစု။<br>ရတနာသိဒ္ဓိရွှေဆိုင်၊ မြောင်းမြမြို့။ | ၅၀,၀၀၀ |

http://www.dhammadownload.com